# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၂၉)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၇ ရက် ၊ ၈–၄–၂၀၁၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်)စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်
ဖနောင်ပင်မြို့

အဆွေတော် ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
နေပြည်တော်

အဆွေတော်၊

၂၀၁၆ ခုနှစ်၊ ဧပြီလ (၃) ရက်တွင် မြန်မာနိုင်ငံ၏ လွှတ်တော်က အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ကမ္ဘောဒီးယားနိုင်ငံတော်၏ အထက်လွှတ်တော်နှင့် ကမ္ဘောဒီးယားပြည်သူ့ပါတီကိုယ်စား ကျွန်ုပ်၏ စိတ်ရင်းမှန်ဖြင့် ဂုဏ်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ကြီးမားလာသည့် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်ချစ်ကြည်ရင်းနှီးမှုတို့ကို အလွန်တန်ဖိုးထားပါသည်။ ၎င်းတို့သည် ယဉ်ကျေးမှုနှင့် ဘာသာရေးဆက်နွှယ်မှုများအပြင် အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ဖြင့် နက်ရှိုင်းစွာဆက်စပ်လျက်ရှိပါသည်။ ဤဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အဆွေတော်၏ ရာထူးသက်တမ်းအတွင်း မိမိတို့၏ ပိုမိုလက်တွေ့ကျသော အပြန်အလှန်အကျိုးစီးပွားအတွက် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ကျွန်ုပ်သည် အဆွေတော်နှင့်နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ မိတ်ဖက်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာတိုးတက်စေမည်ဖြစ်သည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက်သာမက ဒေသတွင်းနှင့် ဒေသတွင်းကိုကျော်လွန်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြလျက် အဆွေတော် ကျန်းမာပျော်ရွှင်၍ လုပ်ငန်းများအားလုံးအဆင်ပြေချောမွေ့ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ဟွန်ဆင်

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော် ဧပြီ ၇

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)




အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၆၈၅ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၆၈၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

စာမျက်နှာ ၄ သို့ ❑

မန္တလေးနေ့စဉ်



၂၀၂၆ ခုနှစ် ၊ ဧပြီ ၈ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေးနေ့စဉ်

## ရိုးသားစွာပြုမူနေထိုင်ခြင်းဖြင့် သင်၏ဂုဏ်ကိုမြှင့်တင်ပါ

လောကတွင် လူတို့သည် စရိုက်မျိုးစုံ၊ စိတ်သဘောထားမျိုးစုံဖြင့် နေထိုင်လျက်ရှိကြသည်။ အချို့သော သူတို့သည် ကောင်းသောစရိုက်ရှိသလို ကောင်းသောစိတ်နေစိတ်ထားရှိကြသည်။ အချို့သော သူတို့မှာ ဆိုးသောစရိုက်နှင့် မကောင်းသောစိတ်နေသဘောထားရှိတတ်သည်။ စိတ်ကောင်းနှလုံးကောင်းရှိသူများသည် သူ၏ပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ကြသည်။ အေးချမ်းသာယာမှုကို ပေးကြသည်။ စိတ်သဘောထားဆိုးသူများသည် မိမိပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ ဆူပူနှောင့်ယှက်မှုများကို ဖြစ်ပေါ်စေသည်။ ထိုကဲ့သို့ကောင်းသောသူများ၊ ဆိုးသောသူများရှိနေသော်လည်း လူတို့၏ အတွင်းစိတ်ကို အပေါ်ယံကြည့်ရုံဖြင့်မသိရပေ၊ ပေါင်းသင်းဆက်ဆံကြည့်မှသာသိနိုင်မည်ဖြစ်သည်။

လူတစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံကြရင်း အချို့ကလည်း အချိန်ကြာမြင့်စွာ ခင်မင်သွားကြသည်။ အချို့မှာ တစ်ခဏအတွင်း မိတ်ဆွေများအဖြစ်မှလမ်းခွဲသွားကြသည်။ မိမိခင်မင်ရသောမိတ်ဆွေများတွင် စိတ်ကောင်းရှိသူရော စိတ်ထားဆိုးသူရော ရှိနိုင်သည်။ သို့သော် မည်သူကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိမိကိုယ်တိုင် ရိုးသားစွာနေထိုင်လျှင် ပတ်ဝန်းကျင်နှင့် အဆင်ပြေမည်ဖြစ်သည်။ ထို့ကြောင့် ရိုးသားစွာပြုမူနေထိုင်ခြင်းက ကောင်းသောစရိုက်ဟု ပြောလိုပါသည်။

ရိုးသားခြင်းသည် အပြစ်ကင်းသော ဂုဏ်ရည်တစ်ခုဖြစ်ပြီး လူ့ဘုံလောကတွင် အလိုအပ်ဆုံးသော ကိုယ်ကျင့်တရားလည်း ဖြစ်သည်။ လူတိုင်းလူတိုင်း အခွန့်ရှည်ကြာစွာ ချစ်ခင်ပေါင်းသင်းလိုပါက ရိုးသားမှုအခြေခံကို ကိုင်စွဲရမည်ဖြစ်သည်။ ရိုးသားသူသည် စိတ်ထားဖြောင့်မတ်တည်ကြည်၍ လူတိုင်း၏ ရိုသေလေးစား အားထားခြင်းကိုလည်း ခံရမည်ဖြစ်သည်။

လူတိုင်းလူတိုင်း စားဝတ်နေရေးအတွက် အလုပ်လုပ်ကြသည်။ အချို့သောသူတို့သည် ရိုးသားစွာလုပ်ကိုင်နေ ထိုင်ကြသည်။ အလုပ်တစ်ခုဖြင့် မိသားစုစားဝတ်နေရေးမလုံလောက်သဖြင့် အခြားအလုပ်တစ်ခုကို တွဲဖက်၍လုပ်ကိုင်ကြသည်။ ထိုအခါအနည်းငယ် အဆင်ပြေကြသည်။ ထို့ကြောင့် လူ့လောကအလယ်တွင် ရှင်သန်နေထိုင်နိုင်ရေးအတွက် 'ရိုးရိုးကျင့် မြင့်မြင့်ကြံ' ရမည်ဖြစ်သည်။ အချို့သောသူတို့မှာ ရိုးရိုးသားသားလုပ်ကိုင်လိုစိတ်မရှိပေ။ ဖြတ်လမ်းမှလိုက်ကာ ကြီးပွားတိုးတက်လိုကြသည်။ ထို့ကြောင့် မသမာသောနည်းလမ်းဖြင့်ပိုက်ဆံရှာကြသည်။ ထိုသူများ၏ အဆုံးသတ်သည်ထောင်နန်းစံရပါသည်။

ထို့အပြင် ရိုးသားမှုသည် လူတိုင်းလူတိုင်းအတွက် အဓိကကျသည်မှာ မှန်သော်လည်း ရိုးသားနေရုံနှင့် လောကသည် ဖွံ့ဖြိုးလာမည်မဟုတ် လူလောက ဖွံ့ဖြိုးတိုးတက် အောင်မြင်ရေးအတွက် ကောင်းသောအရာအားလုံးကို အမြဲတမ်းလိုလို မြင့်မြင့်ကြံစည်တွေးခေါ် ဖွဲ၊ လုံ့လ၊ ဝီရိယထား လုပ်ဆောင်နေရမည်လည်းဖြစ်သည်။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူစင်သောနှလုံး၊ သူတော်ထုံးကို ကျင့်သုံးရန်လည်း လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ 'ရိုးရိုးကျင့် မြင့်မြင့်ကြံ'ဟူသည် စကားပုံတစ်ခုဖြစ်ပြီး ကိုယ်ကျင့်သိက္ခာအရ ရိုးသားဖြောင့်မတ်၍ အကြံအစည်အရ အထွတ်အထိပ်သို့ရောက်အောင် မြင့်မားရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ရိုးသားစွာပြုမူနေထိုင်ခြင်းဖြင့် သင်၏ဂုဏ်ကိုမြှင့်တင်ရမည်ဖြစ်ပြီး လူ့ဘဝတွင် အောင်မြင်မှုရရှိရေး နည်းလမ်းကောင်းတစ်ခုအဖြစ်လည်း မှတ်ယူရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့) ကျင်းပ




**မန္တလေး ဧပြီ ၇**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ယနေ့နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၇၂) ဦးရှိသည့်အနက် (၇၁)ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်းတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်လှမြင့်အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင် ဝန်ကြီးများအဖြစ် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး နေလင်းစိုး၊ ဦးသိန်းငွေး (လက်ရှိစီးပွားရေးရာဝန်ကြီး)၊ ချမ်းမြသာစည်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှကြွယ်၊ တံတားဦးမြို့နယ် ကိုယ်စားလှယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မိုးသက်၊ ဦးလှမျိုး (မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနမှူး-ငြိမ်း)၊ စဉ့်ကိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိအောင်၊ ဦးခင်မောင်အေး (ဗိုလ်မှူးချုပ်-ငြိမ်း)၊ ရှမ်းတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကြည်တို့အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ဦးလှသိန်းနှင့် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်သီတို့အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ဦးမြင့်ဆန်း၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ကြည်ကြည်စိန်း၊ ဒေါ်ခင်သစ်ဆွေ၊ ဦးသန်းထွန်းအောင်၊ ဦးစောမျိုးမျိုးတို့အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေး ပထမပိုင်းကို နံနက် ၁၁နာရီ ၁၅မိနစ်တွင် ခေတ္တရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီ မိနစ် ၃၀ တွင် ဆက်လက်ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်လှမြင့်၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင် ဝန်ကြီးများအဖြစ် ဗိုလ်မှူးကြီး နေလင်းစိုး၊ ဦးသိန်းငွေး၊ ဦးလှကြွယ်၊ ဦးကျော်မိုးသက်၊ ဦးလှမျိုး၊ ဒေါ်သီရိအောင်၊ ဦးခင်မောင်အေး၊ ဦးစိုင်းအောင်ကြည်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ဦးလှသိန်းနှင့် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်သီတို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ဦးမြင့်ဆန်း၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ကြည်ကြည်စိန်း၊ ဒေါ်ခင်သစ်ဆွေ၊ ဦးသန်းထွန်းအောင်၊ ဦးစောမျိုးမျိုးတို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာ တိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ကြူကုန်းဖုန် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ကြူကုန်းဖုန် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်း

ဟနွိုင်းမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်

အဆွေတော် ဦးမင်းအောင်လှိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ

အဆွေတော်၊

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၁၁) ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းကိုယ်စား မိမိက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ အရေးပါသောအခါသမယသည် အဆွေတော်အပေါ် မြန်မာပြည်သူများ၏ ခိုင်မာစွာယုံကြည်မှုကို အထင်အရှားသက်သေပြလျက်ရှိပါသည်။ ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့မှုသည် အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုများရရှိခဲ့သည့်အပေါ် ပြည်သူများကကျေးဇူးတင်ရှိလျက်ရှိသည်ကို ထင်ဟပ်စေလျက်ရှိပါသည်။

ပြည်သူအချင်းချင်းဆက်ဆံရေးဆိုင်ရာသံတမန်အသင်း၏ ဥက္ကဋ္ဌအနေဖြင့် အဆွေတော်ထံသို့ သဝဏ်လွှာ တိုက်ရိုက်ပေးပို့ခွင့်ရရှိသည့်အတွက် ဂုဏ်ယူမိပါသည်။ နိုင်ငံတကာဓလေ့ထုံးတမ်းများအရ ချစ်ကြည်ရေးအသင်းတစ်ခုက နိုင်ငံတော်အကြီးအကဲတစ်ဦးထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ လိပ်မူပေးပို့ခွင့်ရရှိခြင်းမှာ ရှားပါးသည့်အခွင့်အရေးဖြစ်ပါသည်။ မိမိ ယခုကဲ့သို့အခွင့်အရေးရရှိခြင်းသည် ပြည်သူအချင်းချင်းသံခင်းတမန်ခင်း၏ အရေးပါမှုအပေါ် အဆွေတော်၏ ထူးခြားသောအမြင်နှင့် ကတိကဝတ်ပြုမှုကို ထင်ဟပ်စေလျက်ရှိပါသည်။ အဆွေတော်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကိုသာမက နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုလည်း တန်ဖိုးထားလျက်ရှိသည်ကို ပြသလျက်ရှိပါသည်။ ယင်းသည် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုအတွက် ပေါင်းကူးတစ်ခုသဖွယ် ဆောင်ရွက်လျက်ရှိသည့် မိမိတို့အသင်းအတွက် ကြီးမားသောအင်အားတစ်ရပ်ဖြစ်ပါသည်။

အဆွေတော်ရာထူးတာဝန်သစ်ထမ်းဆောင်ချိန်တွင် ဗီယက်နမ်-မြန်မာ ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသည် ယခင်ကထက် သာလွန်ကောင်းမွန်သည့်အဆင့်သို့ ရောက်ရှိတက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံသည် ဒေသတွင်းတည်ငြိမ်မှုနှင့် သာယာဝပြောမှု၏ မဏ္ဍိုင်တစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံ၏ တိုးတက်၍ ငြိမ်းချမ်းသည့်ပုံရိပ်ကို ဗီယက်နမ်ပြည်သူများထံသို့ မြှင့်တင်အသိပေးရာတွင် မိမိတို့အသင်းက ယုံကြည်ရသည့်မိတ်ဖက်အဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

အဆွေတော်အနေဖြင့် စည်းလုံးညီညွတ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဦးဆောင်ရာတွင် ကျန်းမာမှု၊ ပျော်ရွှင်မှု၊ အောင်မြင်မှုများနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လေးစားမှုဖြင့်

မစ္စတာ ကြူကုန်းဖုန်

ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး(ပထမတန်း) နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် Dmitry Vladimirovich Bakanov ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး(ပထမတန်း) နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် Dmitry Vladimirovich Bakanov ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ရက်စွဲ၊ ၇-၄-၂၀၂၆ စာအမှတ်၊ ဘီ-၂၅၄၆-၁၀၁-ယူ

သို့

ဦးမင်းအောင်လှိုင်

သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လေးစားအပ်ပါသော သမ္မတကြီးခင်ဗျား၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် တာဝန်စတင်ထမ်းဆောင်သည့်အတွက်ကြောင့် ကျွန်ုပ်အနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ မြင့်မြတ်လှသောတာဝန်ကို ထမ်းဆောင်ရန်ရွေးချယ်ခံရခြင်းသည် နိုင်ငံတော်တည်ငြိမ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဆွေတော်၏ ကြိုးပမ်းအားထုတ်မှုများကို ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုကြောင်း ခိုင်မာသော သက်သေအထောက်အထားပင် ဖြစ်ပါသည်။

ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် အာကာသစူးစမ်းလေ့လာရေးကဲ့သို့သော အရေးကြီးသည့် နယ်ပယ်များတွင် အဆွေတော်၏ အစဉ်တစိုက် ပံ့ပိုးကူညီမှုများကို ကျွန်ုပ်တို့ အထူးပင် တန်ဖိုးထားပါသည်။ အဆွေတော်၏ ခိုင်မာသောရပ်တည်ချက်နှင့် အလေးထားဆောင်ရွက်မှုတို့ကြောင့် အဆိုပါကဏ္ဍတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့ပါသည်။

နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းအောင် ဆက်လက်ဆောင်ရွက်သွားရန် အဆင်သင့်ရှိပါကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာပါစေကြောင်းနှင့် ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်

Dmitry Vladimirovich Bakanov

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး(ပထမတန်း)

အထွေထွေညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း

✡ စာမျက်နှာ ၂၄ မှ

မန်းစည်ပင်တေးဂီတနှင့် ဂီတမဏ္ဍိုင် သားဗိုလ်နိုင် ဆိုင်းဝိုင်းတော်ကြီးတို့ တွဲဖက်တီးခတ်ဖျော်ဖြေသွားမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေမည့်တေးသီချင်းများ၊ အကအလှများကို ဝတ်စုံပြည့်အစမ်းလေ့ကျင့်ကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းတို့က တီးဝိုင်းအဖွဲ့၊ အဆိုတော်၊ အခမ်းအနားမှူး၊ စက်အဖွဲ့၊ အကအဖွဲ့များကို ဂုဏ်ပြုထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဖျော်ဖြေရေးအစီအစဉ်များတွင် မန်းစည်ပင်လှပျိုဖြူများ၏ သင်္ကြန်ယိမ်းအကအလှများနှင့်အတူ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များအပါအဝင် နိုင်ငံကျော်မြို့မငွေငန်းအလှပြယာဉ်တို့ဖြင့် ဖွင့်ပွဲ၊ ပိတ်ပွဲများတွင် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေမန်း(မန္တလေးနေ့စဉ်)**



သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

❑ ရှေ့ဖုံးမှ

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါတင်ပြချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် လွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း တင်ပြချက်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက်ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ဦးသာဌေးအား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် လွှတ်တော်သို့ တင်ပြထားသော ဦးသာဌေးအား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသောပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ၁၅ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးသန်းစိုး၊ ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်းနှင့် ဒေါ်ခင်သင်းဝေတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးသန်းစိုးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်တို့နှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စန်းက အစိုးရအဆက်ဆက်က တောင်သူလယ်သမားများနှင့် သက်ဆိုင်သည့် ဥပဒေများ ပြဋ္ဌာန်းပေးသော်လည်း လက်တွေ့မြေပြင်တွင် အားနည်းနေသည်ကို တွေ့ရကြောင်း၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်လာသည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။

စီမံခန့်ခွဲရေးဥပဒေ စသည်ဖြင့် ဥပဒေ (၂၀)ခန့် ရှိသော်လည်း တောင်သူလယ်သမားများအတွက် ထိရောက်မှုအားနည်းသည့်အပြင် မူဝါဒများ ပေါင်းစည်းနိုင်မှု မရှိသောကြောင့် ဗဟိုအဆင့်အနေဖြင့် စနစ်တကျ ကွပ်ကဲသင့်သည်ကို စိစစ်တွေ့ရှိရကြောင်း။

တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာန ပေါ်ပေါက်လာလျှင် တောင်သူလယ်သမား မိသားစုများအတွက် မြေယာစီမံခန့်ခွဲရေးကိစ္စရပ်များ လွယ်ကူချောမွေ့ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ခေတ်မီနည်းပညာများ၊ စက်ကိရိယာများ၊ မျိုးစေ့သစ်များ၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးပညာများ သင်ကြားပေးနိုင်ပြီး သာမန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ နိုင်ငံအဆင့်၊ ကမ္ဘာ့အဆင့် စားနပ်ရိက္ခာ ထုတ်လုပ်သော နိုင်ငံအဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း။

တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပြီး ပြည်ထောင်စုဝန်ကြီးတစ်ဦးက ဦးစီးဆောင်ရွက်သင့်ကြောင်း၊ ဝန်ကြီးဌာန မဖွဲ့စည်းနိုင်သေးသည့်အချိန်တွင် တောင်သူလယ်သမားများ၏ ကိစ္စအဝဝကို သီးခြားဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် တောင်သူလယ်သမားရေးရာဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်းပေးရန် အကြံပြုဆွေးနွေးသည်။

ယင်းနောက် ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ အရ ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခွင့်ရှိသဖြင့် ပြည်ထောင်စုဥပဒေပြုစာရင်း အပိုဒ်( ၅ ) စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ အပိုဒ်ခွဲ (င)၊ (ဓ)၊ (ည) တို့တွင် ပါရှိသည့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ စက်မှုလယ်ယာအဖြစ် တိုးမြှင့်ဆောင်ရွက်ရေးလုပ်ငန်းများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး လုပ်ငန်းများနှင့် တောင်သူလယ်သမား အခွင့်အရေးများအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားကြောင်း၊ ထို့ကြောင့် တောင်သူ လယ်သမားများအတွက် လုံလောက်သော စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း (၄) ချက်နှင့်အညီ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာများ ဖြန့်ဖြူးခြင်း၊ တောင်သူလယ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိရေး ဆောင်ရွက်နိုင်ရေးတို့အတွက် တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာန တစ်ခု တိုးချဲ့ဖွဲ့စည်းသင့်ကြောင်း။

ထို့ပြင် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား ပေါင်းစပ်ဖွဲ့စည်းမည့်အစား ဟိုတယ်ခရီးသွားလာရေးဝန်ကြီးဌာန တစ်ခုနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တစ်ခုအဖြစ် သီးခြားစီ ဖွဲ့စည်းသင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒာလှမြင့်က လက်ရှိအခြေအနေတွင် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးသွားသော စည်ပင်သာယာနယ်နိမိတ်အဖြစ် သတ်မှတ်ထားသော မြို့များကို ပြန်လည်တည်ဆောက်ရာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အခြားမြို့များနည်းတူ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ဒေသနေပြည်သူများထံမှ ရရှိသော အခွန်အခကောက်ခံရရှိငွေဖြင့်သာ လုပ်ဆောင်ရမည်ဆိုပါက အခက်အခဲများစွာ ရှိနေသည့်အတွက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနအနေဖြင့် လုပ်ကိုင်ပါက အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား (၂) အပိုဒ်(၈)၊ စီမံခန့်ခွဲရေးကဏ္ဍတွင် ထည့်သွင်းထားသည့် စည်ပင်သာယာရေးအဖွဲ့ကို ပြည်ထောင်စုအဆင့်အဖြစ် လွှတ်တော်အတွင်း ပြင်ဆင်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်သုံးဦး၏ အကြံပြုဆွေးနွေးချက်များအပေါ် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၏ ရှင်းလင်းဖြေကြားချက်ကို ဖတ်ကြားရာတွင် မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေ ပြည်သူများဖြစ်ပြီး ကျေးလက်နေပြည်သူ အများစုသည် တောင်သူလယ်သမားများ ဖြစ်သောကြောင့် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးသည်လည်း အရေးကြီးကြောင်း၊ လက်ရှိတွင် တောင်သူလယ်သမားရေးရာ ကိစ္စရပ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာနကို သီးခြားဝန်ကြီးဌာနတစ်ခုအနေဖြင့် ဖွဲ့စည်းမထားခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် စိုက်ပျိုးရေးဦးစီးဌာနကို ဖွဲ့စည်းထားရှိကြောင်း။

မြန်မာ့လယ်ယာကဏ္ဍတွင် စိုက်ပျိုးရေး၊ သားငါးမွေးမြူရေးနှင့် သစ်တောကဏ္ဍများ ပါဝင်ပြီး လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ၏ အရေးပါသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာကဏ္ဍ အခွင့်အလမ်းကောင်းများကို ဖော်ထုတ်ပေးနိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အရည်အသွေးမီ လယ်ယာနှင့် သားငါးထွက်ကုန်များကို ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနသည် ဝန်ကြီးဌာန၏ လယ်ယာကဏ္ဍမူဝါဒများ၊ မျှော်မှန်းချက်များ ပြည့်မီရန် ရည်ရွယ်ပြီး မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ရည်ရွယ်ချက်များ၊ မူဝါဒများ၊ လုပ်ငန်းများနှင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မျှော်မှန်းချက်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များထဲတွင် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လမ်းများနှင့် တံတားများ တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်နေပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် ဒေသထုတ်ကုန်များ ဈေးကွက်ရရှိရေး ချိတ်ဆက်ကူညီဆောင်ရွက်ပေးရန်ဆိုသည့် လုပ်ငန်းတာဝန်များ ပါဝင်ကြောင်း။

လက်ရှိတွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန နှစ်ခုသည် တောင်သူလယ်သမားရေးရာကိစ္စများကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအများစု၏ ဝန်ကြီးဌာနဖွဲ့စည်းမှုကို ကြည့်မည်ဆိုလျှင်လည်း တောင်သူလယ်သမားရေးရာကိစ္စရပ်များကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနအဖြစ် သီးခြားဝန်ကြီးဌာနတစ်ခုကို ထပ်မံတိုးချဲ့ပြီး ဖွဲ့စည်းမှု မပြုခြင်းဖြစ်ကြောင်း။

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုကို ဝန်ကြီးဌာနတစ်ခုတည်း ပေါင်းစပ်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်သည် ယဉ်ကျေးမှုကို ခရီးသွားလုပ်ငန်း၏ အဓိကမောင်းနှင်အားအဖြစ် အသုံးချပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးကျေးဇူးများကို တစ်ပြိုင်တည်း ရရှိစေရန်ဖြစ်ကြောင်း၊ နိုင်ငံအများအပြားတွင်လည်း ဟိုတယ်၊ ခရီးသွားနှင့် ယဉ်ကျေးမှုကို ပေါင်းစပ်ပြီး ဝန်ကြီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရရှိနိုင်သည့် အကျိုးကျေးဇူးများသည် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးကို တစ်ပြိုင်တည်း ညှိနှိုင်းနိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်ကြောင်း၊ ခရီးသွားများကို ဒေသခံရိုးရာဓလေ့၊ အနုပညာ၊ သမိုင်းဝင်နေရာများနှင့် မိတ်ဆက်ပေးရာတွင် ပိုမိုထိရောက်စေမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းကတစ်ဆင့် ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာချိန်တွင် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်မှုများကို လျှော့ချနိုင်ပြီး အမွေအနှစ်များကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကို ပေါင်းစပ်ခြင်းဖြင့် နိုင်ငံ၏ ဆွဲဆောင်မှုအား မြှင့်တင်ကာ နိုင်ငံခြားခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဘတ်ဂျက်၊ လူအင်အားနှင့် အခြေခံအဆောက်အအုံများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအဖြစ် ပေါင်းစပ်ဖွဲ့စည်းရခြင်း ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၁၈၈ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထားပြီး ဇယား(၂)၊ အပိုဒ်(၈)၊ စာပိုဒ်ခွဲ(က)တွင်

*စာမျက်နှာ ၅ သို့*

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၇

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် အမိနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတ ဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို အောင်မြင်စွာ သယ်ပိုးနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရှိရသည်။

သတင်းစဉ်

## ဝမ်းမြောက်ဂုဏ်ယူကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ အထွေထွေရွေးကောက်ပွဲကြီးအပြီးတွင် ပြည်သူက တင်မြှောက်ပေးခဲ့သော နိုင်ငံတော်သမ္မတကြီးအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယသမ္မတ(၁) ဦးညိုစော၊ ဒုတိယသမ္မတ(၂) ဒေါ်နန်းနီနီအေးတို့အနေဖြင့် နိုင်ငံ့တာဝန်အား ဆတက်ထမ်းပိုး ထမ်းဆောင်မည်ကို ယုံကြည်အားကိုးခြင်းဖြင့် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗဟိုဥက္ကဋ္ဌနှင့်ဗဟိုကော်မတီအဖွဲ့**
**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဗဟိုရုံးချုပ်**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။

ထိုသို့ရွေးချယ်တင်မြှောက်ကြရာတွင် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယသမ္မတများအဖြစ် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့က ရွေးချယ်တင်မြှောက်ခံခဲ့ကြရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို အောင်မြင်စွာ သယ်ပိုးဆောင်ရွက်နိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို သယ်ပိုးဆောင်ရွက်ရာတွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဤ "ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ"ကို ပေးပို့အပ်ပါသည်။

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ ဦးညိုစောအား ဒုတိယသမ္မတ(၁)အဖြစ်လည်းကောင်း၊ ဒေါ်နန်းနီနီအေး အား ဒုတိယသမ္မတ(၂)အဖြစ်လည်းကောင်း အသီးသီး ရွေးချယ်တင်မြှောက်ပေးခဲ့သည့်အပေါ် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP) မှ အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် အမိနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီမှ ဆန္ဒပြုအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် "မြန်မာနိုင်ငံ စာရေးဆရာအသင်း"က အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

---

*စာမျက်နှာ ၄ မှ*

"စည်ပင်သာယာရေး"ဆိုသည့် ကဏ္ဍရပ်ပါဝင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၉ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်"ဟု ပြဋ္ဌာန်းထားကြောင်း။

ထို့ကြောင့် "စည်ပင်သာယာရေး" ကဏ္ဍသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုခွင့်ရှိပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာအတွင်း ကျရောက်သည့် ကိစ္စရပ်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များသည် ဒေသတစ်ခုအတွင်းနေ ပြည်သူများအတွက် နေ့စဉ်နှင့်အမျှ ထိတွေ့ဆောင်ရွက်ပေးနေရသော လုပ်ငန်းကိစ္စရပ်များဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဥပဒေနှင့်အညီ မိမိတို့ဒေသ၏ အခြေအနေ၊ အချိန်အခါနှင့် လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ခွင့်ပေးထားကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအဆင့်တွင် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ရန် မသင့်သည်ကို တွေ့ရှိရကြောင်း ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူကာ အဆိုပြုတင်ပြထားသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက် ၃၁ ခုနှင့် အဆိုပါ ပြည်ထောင်စုဝန်ကြီးဌာန အမည်သတ်မှတ်ချက်ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော် ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသည့်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် ရှစ်ဦး၏ အမည်စာရင်းများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ယင်းပုဂ္ဂိုလ် ရှစ်ဦး၏ အမည်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြကာ ဒေါက်တာ ခင်နိုင်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်နှင့် ဒေါက်တာစန္ဒာဦး တို့အားလည်းကောင်း တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြထားကြောင်း ပြောကြားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်က သဘောတူကြောင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သစ်ကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်ရေး သက်ဆိုင်ရာဥပဒေနှင့်အညီ လွှတ်တော်သို့တင်ပြထားကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သစ်ကို ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူ အဖွဲ့ဝင် သုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူအဖွဲ့ဝင် သုံးဦး စုစုပေါင်း အဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းနှင့် ယင်းအဖွဲ့မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့တင်ပြထားကြောင်း ပြောကြားပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင် ကိုးဦးအနက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူ ဦးစိုးသိန်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း ပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သစ်ဖွဲ့စည်းရန် လွှတ်တော်သို့ တင်သွင်းထားသည့် အမည်စာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီး ဦးရေ ၃၀ သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်ထောင်စုဝန်ကြီး ဦးရေ ၃၀ သတ်မှတ်ချက်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ကို ဧပြီ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

သတင်းစဉ်

# ပျင်းရိခြင်း၏ဆိုးကျိုးနှင့် ပျင်းရိခြင်းကို အောင်နိုင်မှု၏ ကောင်းကျိုး

"နံနက်မိုးသောက်ပါပြီ အိပ်ရာမှ ထကြ၊ မထသေးသောသူသည် ပျင်းရိသူဖြစ်သည်။ ငယ်ရွယ်နုနယ်သေးသော လူငယ်အပေါင်းတို့"

"လုပ်ငန်းခွင်ဝင်ရန် အိပ်ရာမှ ထကြ၊ မထသေးသောသူသည် ပျင်းရိသူဖြစ်သည်။ နိုင်ငံတာဝန်ထမ်းသော လူငယ်အပေါင်းတို့"

"ပျင်းမနေနဲ့ ပျင်းမနေနဲ့ ထကြွနိုးကြား ဝီရိယသမိုင်းသစ်ဖွင့်ဖို့ လူငယ်ဆိုတာ နိုင်ငံ့ဂုဏ်ဆောင်ပါ။ ထကြွနိုးကြား ပျင်းမနေနဲ့"

ထိုတစ်နေ့က နံနက်ချိန်မှာ ဖော်ပြပါသီချင်းသံကို မြန်မာ့အသံရေဒီယိုက ထုတ်လွှင့်ပေးခဲ့ရာ စာရေးသူ နားထောင်ရင်း စာရွက်ပေါ် လိုက်မှတ်ချရေးခဲ့သည်။

တကယ်တော့ စာရေးသူကိုယ်တိုင်က ငပျင်းတစ်ယောက်ပါ။ အထက်ဖော်ပြပါ သီချင်းအချက်အလက် Dataနဲ့ စာရေးမယ်ပါ။ ရည်ရွယ်ချက်ရှိသော်လည်း အချိန်ကြာမှ ယခုချိန်ခါ ရေးချလိုက်ခြင်းဖြစ်ပါသည်။

စာရေးဆရာကြီး လူထုဦးလှ၏ လူတစ်လုံး စာအုပ်ထဲမှာ ဤသို့ ဖတ်မှတ်လေ့လာရပါ၏။

"အတွေ့အကြုံများအရတော့ ဘယ်တော့လုပ်လုပ် ပြီးပါတယ်ဆိုပြီး အချိန်ရွှေ့ထားတဲ့အလုပ်များဟာ ဘယ်တော့မှ မပြီးဘူး"

**ပျင်းရိသူအဖို့ ကုသိုလ်၊ ပညာ၊ ဥစ္စာဓနငွေကြေးနဲ့ ကျန်းမာရေး ဆုလာဘ်တွေ ဆုံးရှုံးရတတ်သည်။**

**အလဟဿ ကုတောသိပ္ပံ။ ပျင်းရိသူအား အတတ်ပညာ ဘယ်မှာရမည်နည်း။ အတတ်ပညာ မရ၍ ဓနငွေကြေးနှင့် ဘဝချမ်းသာနှင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း ချမ်းသာသုခမှ လွဲနိုင်၏။**

စာရေးသူ ရေးမှတ်ခဲ့သော အထက်ဖော်ပြပါ သီချင်းစာသားပါတဲ့ စာရွက်လေး မပျောက်ဘဲ ယခုစာရေးနေချိန်တွင် ရှိနေသည်ကို ကျေးဇူးတင်ရပါဦးမည်။

လေထဲတွင် တိုက်အိမ်ဆောက်၍ စိတ်ကူးယဉ်ကမ္ဘာထဲ ပျော်မွေ့နေပြီး လက်တွေ့အလုပ်သဘောမပါခြင်းကြောင့် ရက်တွေ လတွေ၊ နှစ်တွေ ကြာခဲ့ပြီဖြစ်၍ ပျင်းရိမှုတွင် စာရေးသူ မွေ့လျော်ခဲ့ဖူးပြီ။

**ပျင်းရိခြင်း၏ ဆိုးကျိုး**

ဘုရားရှင်သည် ပျင်းရိခြင်း၏ဆိုးကျိုးကို သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်တို့မှာ ဟောမိန့်တော်မူထားလေရာ စာဖတ်သူချစ်မိတ်ဆွေတို့အား မျှဝေပါရစေ။

ဒုက္ခံ ဘိက္ခဝေ ကုသီတော ဝိဟရတိ။ ချစ်သား၊ ချစ်သမီးတို့ ပျင်းရိသူမှာ ဆင်းဆင်းရဲရဲ နေထိုင်ရတတ်တယ်။

ဓါကိဏ္ဏော ပါပကေဟိ အကုသလေဟိ ဓမ္မေဟိ ဝိဟရတိ၊ မဟန္တဉ္စ သဒတ္ထံ ပရိဟာပေတိ။

မကောင်းညစ်ဆိုး၊ အကုသိုလ်စရိုက်ဆိုးတွေနဲ့ရောပြွမ်းလျက်နေရတယ်။ ပြီးတော့ မိမိရဲ့ကိုယ်ကျိုးစီးပွားများစွာ ဆုတ်ယုတ်ပျက်စီးရတတ်တယ်။

"စောစောထတဲ့ငှက်ဟာ အစာရတယ်"ဟု ဆိုရိုးစကားရှိလေ၏။

မနက်စောစော အိပ်ရာမှ နိုးထရတာ ပျင်းစရာဖြစ်၍ အချိန်နောက်ကျ၍ အိပ်ရာမှ နိုးထတတ်သူအဖို့ တစ်နေ့တာ ပြုလုပ်ရန်အလုပ်တွေ နှောင့်နှေးကြန့်ကြာတတ်၏။

ပျင်းရိသူအဖို့ ကုသိုလ်၊ ပညာ၊ ဥစ္စာဓန၊ငွေကြေးနဲ့ ကျန်းမာရေး ဆုလာဘ်တွေ ဆုံးရှုံးရတတ်သည်။

အလဟဿ ကုတောသိပ္ပံ။ ပျင်းရိသူအား အတတ်ပညာ ဘယ်မှာရမည်နည်း။ အတတ်ပညာ မရ၍ ဓနငွေကြေးနှင့် ဘဝချမ်းသာနှင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း ချမ်းသာသုခမှ လွဲနိုင်၏။

**လောကလူသားတိုင်း ငွေကြေးဓနဥစ္စာစီးပွားနဲ့ ပညာ၊ ကုသိုလ်ဆိုတဲ့ တစ်မျိုးမျိုးရဖို့ အချိန်ဆွဲခြင်း၊ မဆုံးဖြတ်နိုင်ခြင်းမှာ ပျင်းရိခြင်းတစ်မျိုးပဲဖြစ်သည်။**

**ပျင်းရိခြင်းကို အောင်နိုင်မှု၏ ကောင်းကျိုး**

ဘုရားရှင်သည် သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်တို့တွင် ပျင်းရိမှုကို တွန်းလှန်ဖယ်ရှား၍ ကောင်းကျိုးရနိုင်ပုံကို ဟောညွှန်ပြတော်မူ၏။

အာရဒ္ဓ ဝီရိယော ခေါ ဘိက္ခဝေ သုခံဝိဟရတိ၊ ဝိဝိတ္တော ပါပကေဟိ အကုသလေဟိ ဓမ္မေဟိ ဝိဟရတိ၊ မဟန္တဉ္စ သဒတ္ထံ ပရိပူရေတိ။

ချစ်သား၊ ချစ်သမီးတို့ အားထုတ်အပ်တဲ့ လုံ့လဝီရိယရှိသူမှာ ချမ်းသာစွာ နေထိုင်ရတယ်။

မကောင်းညစ်ဆိုး အကုသိုလ် ဒုစရိုက်မျိုးတို့မှ ကင်းဆိတ်ပြီး နေထိုင်ရတတ်တယ်။

မြောက်မြားစွာသော ကိုယ်ကျိုးစီးပွားဥစ္စာဓန ငွေကြေးဆိုတာ ပြည့်စုံတယ်။

လောကလူသားတိုင်း ငွေကြေးနေဥစ္စာစီးပွားနဲ့ ပညာ၊ ကုသိုလ်ဆိုတဲ့ တစ်မျိုးမျိုးရဖို့ အချိန်ဆွဲခြင်း၊ မဆုံးဖြတ်နိုင်ခြင်းမှာ ပျင်းရိခြင်းတစ်မျိုးပဲဖြစ်သည်။

ပျင်းရိဖွယ်ကောင်းတဲ့ အလုပ်တစ်ခုကို အချိန်မဆွဲတဲ ချက်ချင်းလက်ငင်းလုပ်ကိုင်ဆောင်ရွက်တတ်သူအဖို့ ကြီးပွားဖို့ အခွင့်အလမ်းနှင့် မွေးဖွားလာသူဖြစ်ကြောင်း ဆရာကြီးရွှေဥဒေါင်း ရေးသားတဲ့ အကြံဉာဏ်နဲ့ ကြီးပွားရေးစာအုပ်မှာ လေ့လာမှတ်သားရသည်။

မြတ်ထေရ်ကျော်

## ဗဟိုမဏ္ဍပ်ဆောက်လုပ်ပြီးစီးမှု၊ လမ်းလျှောက်သကြံန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းအတွင်းကျင်းပမည့် လမ်းလျှောက်သကြံန်နှင့် ဗဟိုမဏ္ဍပ်ဆောက်လုပ်နေမှု၊ ရေကစားမဏ္ဍပ်များဆောက်လုပ်နေမှု၊ စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်နေမှု၊ ပုဂံအငွေ့အသက်ဖြစ်သည့် သကြံန်မုခ်ဦးတည်ဆောက်မည့် နေရာများအား ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်တာဝန်ရှိသူများ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုသကြံန်ကို ပုဂံမြို့ဟောင်းအတွင်း လမ်းလျှောက်သကြံန်နှင့်အတူ သနပ်ခါးမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များ၊ ပုဂံအငွေ့အသက် မုခ်ဦးတည်ဆောက်မည့်နေရာ၊ ပုဂံမြို့ဟောင်းလမ်းတစ်လျှောက် ပုဂံထီး၊ ပုသိမ်ထီးများ အလှဆင်မည့်နေရာနှင့် ဗဟိုမဏ္ဍပ်ဆောက်လုပ်ပြီးစီးမှု၊ ရေကစားမဏ္ဍပ်များဆောက်လုပ်ပြီးစီးမှု၊ စတုဒိသာကျွေးမွေးမည့် မဏ္ဍပ်များစီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လမ်းလျှောက်သကြံန်တွင် နွားလှည်းများဖြင့် ရေကစားနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှု၊ လမ်းလျှောက်သကြံန်ပါဝင်ဆင်နွှဲသူများ အလှဓာတ်ပုံများရိုက်နိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှုတို့အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးညီမွန်း၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



ညောင်ဦးမြို့ လမ်းလျှောက်သကြံန်တွင် သံစုံတီးဝိုင်း ခြောက်ဝိုင်းဖြင့် အလှည့်ကျဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)(၄၈၁)

*-*-*-*-*-*



## ကယားပြည်နယ် လွိုင်ကော်(ဖယ်ခုံ)တွင် ကထိန်အောင်ပွဲ ကျင်းပ

**ဖယ်ခုံ ဧပြီ ၇**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာနဦးစီးဌာနနာယကဆရာတော်ကြီး၊ တောင်တန်းသာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)သည် ယခုနှစ် နွေရာသီခရီးစဉ်အမှတ်(၁၀၃) ကြိမ်မြောက် တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော်၊ ဖယ်ခုံရှင် ၁၀၀ နှင့်အတူ (၁၈) ကြိမ်မြောက် ကထိန်အောင်ပွဲအား မတ် ၂၄ ရက်မှ ၂၉ ရက် ခရီးစဉ်အတွင်း အောင်မြင်စွာ ကျင်းပဆောင်ရွက်ပြီးစီးခဲ့သည်။

ရှေးဦးစွာ ၂၇ ရက်တွင် ကထိန်အောင်ပွဲအကြိုတရားပွဲ ကျင်းပပြီး အနယ်နယ်အရပ်ရပ်မှ ကထိန်အလှူရှင်များ လှူဒါန်းခဲ့ကြသည့် ကထိန်လှူဖွယ်ပစ္စည်းများအား ကယားပြည်၊ ဖယ်ခုံဗဟိုကျောင်းတွင် အသီးသီး ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအသီးသီးကိုယ်စား ဖယ်ခုံဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တတိဿထံမှ ရေစက်ချတရား နာယူခဲ့ကြသည်။

အဆိုပါ ခရီးစဉ် ကထိန်အောင်ပွဲအား (၁၈)ကြိမ်မြောက်အထိ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းထံမှ သိရသည်။

ခရီးစဉ်တွင်အသင်းကော်မတီဝင်အချို့နှင့်အတူ သာသနာပြုအဖွဲ့ ၃၃ ဦး လိုက်ပါခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၉)



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများအား တွေ့ရစဉ်။



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား တွေ့ရစဉ်။

❒ စာမျက်နှာ ၂၄ မှ

အနံ ပေ ၆၀ ရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ဆောင်သည့် အဆောင် တစ်လုံး၊ အလျား ပေ ၂၀၀၊ အနံပေ ၆၀ ရှိ ချက်ပြုတ်/စားဆောင်အပါ လူနေအိပ်ဆောင် တစ်လုံးနှင့် လုပ်ငန်းလုပ်ဆောင်သည့် အဆောင် တစ်လုံး၊ အလျား ၃၅ ပေ၊ အနံ ပေ ၃၀ ရှိစတိုဈေးဆိုင် အဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၃၅ ပေရှိ ပစ္စည်းစတို တစ်လုံး၊ ပေ ၄၀ ပတ်လည် အိပ်ဆောင် နှစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၂ ပေရှိ ဂိတ် ဝင်/ထွက်ဆောင် တစ်လုံးနှင့် အလျား ပေ ၆၀၊ အနံ ငါးပေရှိ အိမ်သာအဆောက်အအုံ တစ်လုံး စုစုပေါင်း အဆောက်အအုံ ကိုးလုံးကိုတွေ့ရှိရပြီး ၎င်းတို့အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသည့် နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး သုံးဦး၊ လာအိုနိုင်ငံသား အမျိုးသမီး တစ်ဦး၊ စုစုပေါင်း တရားမဝင်ပြည်ပနိုင်ငံသား ၁၆ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော မော်နီတာ အလုံး၁၂၀၊ System ပုံး ၉၇ လုံး၊ All in One Computer ၄၆ လုံး၊ Star Link ၁၂ လုံး၊ ဝိုင်ဖိုင်စက် ၁၂ လုံး၊ ဖုန်းမျိုးစုံ ၁၀၅ လုံးနှင့် မီးစက်ကြီး တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။





တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား တွေ့ရစဉ်။

✪ စာမျက်နှာ ၂၄ မှ

ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင် အဆန်အထူးလေအိတ် ရထားသည် ရန်ကုန်မှ မွန်းလွဲ ၁ နာရီတွင် စတင်ထွက်ခွာပြီး ည ၈ နာရီ ၅၅ မိနစ်တွင် ပြည်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။ အစုန်အထူးလေအိတ် ရထားသည် ပြည်မြို့မှ ည ၁၀ နာရီခွဲတွင် စတင်ထွက်ခွာပြီး နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့သို့ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ အဆန်အထူးလေအိတ်ရထားနှင့် အစုန်အထူး လေအိတ်ရထားတို့ ပြေးဆွဲမည့် နေ့ရက်များမှာ ဧပြီ (၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀) ရက်များ ဖြစ်သည်။

ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းတွင်အဆန်အထူးလေအိတ် ရထားသည် ရန်ကုန်မှ နံနက် ၉ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာပြီး မော်လမြိုင်သို့ ညနေ ၆ နာရီ တွင်ရောက်ရှိမည် ဖြစ်ကာ ပြေးဆွဲမည့် နေ့ရက်မှာ ဧပြီ (၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀) ရက်များဖြစ်သည်။ အစုန်အထူး လေအိတ်ရထားသည် မော်လမြိုင်မှ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်မြို့သို့ ညနေ ၅ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ အထူးလေအိတ်ရထားပြေးဆွဲမည့် နေ့ရက်များမှာ ဧပြီ (၁၁၊ ၁၂၊ ၁၉၊၂၀၊ ၂၁) ရက်များဖြစ်သည်။

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့်ရန်ကုန်-မော်လမြိုင်-ရန်ကုန်လမ်းပိုင်းတွင် အထက်တန်းလက်မှတ်အား(၃)ရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်း လက်မှတ်အား(၁)ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း၊ ထို့အပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ပုံမှန်ရထားများနှင့် အထူးရထားများအတွက် Online မှလက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System – ORTP) စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် (၇)ရက်နှင့် ကြားဘူတာများတွက် (၃) ရက်ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်သည်။

အထက်ပါ ထပ်တိုးပြေးဆွဲပေးသည့် ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် အစုန်/အဆန် အထူးလေအိတ်ရထားများတွင် အထက်တန်း (၆) တွဲနှင့် ရိုးရိုးတန်း(၈)တွဲ၊ ဘရိတ်တွဲ(၁)တွဲဖြင့် ဝန်ချိန်ပြည့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ၁၆ ရက်အထိ ပုံမှန်ပြေးဆွဲလျက်ရှိသည့် လူစီးအမြန်ရထားအချို့ ပြေးဆွဲမှုခေတ္တရပ်နားထားမည်ဖြစ်ရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် အမှတ်(၇)အဆန်၊ (၈)အစုန်၊ (၃၁)အဆန်၊ (၃၂)အစုန်၊ (၃၃)အဆန်၊ (၃၄)အစုန် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ် DEMU ရထားများ၊ အမှတ်(၂၇) အဆန်၊ (၂၈)အစုန် နေပြည်တော်-မန္တလေး-နေပြည်တော်ခရီးစဉ် BEL ရထား၊ အမှတ်(၁)အဆန်၊ (၂)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ် စာပို့ရထား ၊ အမှတ်(၁၅)အဆန်၊ (၁၆)အစုန်၊ ရန်ကုန် – ပဲခူး-ရန်ကုန် DEMU ရထား၊ အမှတ် (သ-၃၀၁)အဆန်၊ (၃၀၂) အစုန် သာစည်-မန္တလေး-သာစည် ခရီးတို RBE ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၇၁)အဆန်၊ (၇၂)အစုန် ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ် လူစီးအမြန်ရထား၊ အမှတ် (၆၅)အဆန်၊ (၆၆)အစုန် အင်းစိန်-ဥက္ကံ-အင်းစိန် ခရီးစဉ် စာပို့ရထားတို့ဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့ပတ်ရထားများကိုလည်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ခေတ္တရပ်နားထားမည်ဖြစ်သည်။

ရန်ကုန်-ပုဂံလမ်းပိုင်း၌အမှတ်(၆၁)အဆန်၊ (၆၂)အစုန် ရန်ကုန်-ပျဉ်းမနား -ပုဂံ ခရီးစဉ်ရထားများကို ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ပြီး ရထားခရီးစဉ်အားလုံး ဧပြီ ၁၇ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်- မော်လမြိုင်လမ်းပိုင်း၌ အမှတ်(၈၁)အဆန်၊အမှတ်(၈၂)အစုန်လူစီးအမြန်ရထား၊ရန်ကုန်-ပြည်လမ်းပိုင်း၌ အမှတ်(၆၃)အဆန်၊ အမှတ်(၆၄)အစုန် လူစီးစာပို့ရထား၊ သာစည်-တောင်ကြီးလမ်းပိုင်း၌ အမှတ်(၁၄၁)အဆန်၊ အမှတ်(၁၄၂)အစုန်စာပို့ရထား၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၌ အမှတ် (၁၀၃)အဆန်၊ အမှတ်(၁၀၄)အစုန်လော်ကယ်ရထား၊ လက်ပံတန်း-သာရဝေါ လမ်းပိုင်း၌ အမှတ် (၁၉၅)အဆန်၊ အမှတ်(၁၉၆) အစုန်လော်ကယ်ရထား၊ မြစ်ကြီးနား -မိုးကောင်းလမ်းပိုင်း၌ မိုးကောင်း(၁)၊ မိုးကောင်း(၂) လူစီးရထားနှင့်ပုသိမ်-ကြံခင်းလမ်းပိုင်း၌ အမှတ်(၁၈၁)အဆန်၊ အမှတ်(၁၈၂) အစုန်လူစီးရထားများအား သင်္ကြန်ကာလရုံးပိတ်ရက်အတွင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရှုခင်းကြည့်ရထားများဖြစ်သည့် ပြင်ဦးလွင်-ဂုတ်ထိပ်၊ တောင်ကြီး-ပေါမှုခရီးစဉ်များကိုလည်း သင်္ကြန်ပိတ်ရက်ကာလအတွင်း စီးနင်းလိုသည့် ခရီးသည်များရှိပါက ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အိုရိုင်ယွန်အာကာသယာဉ်ပေါ် ပါသွားသည့် ယာဉ်မှူးလေးဦး စံချိန်ဟောင်းဖြစ်သော ကီလိုမီတာ ၄၀၀၁၇၁ ကို ကျော်ဖြတ်ခဲ့

**ဝါရှင်တန် ဧပြီ ၇**

နာဆာ၏ အာတီမစ်တူး အာကာသခရီးစဉ်သည် ကမ္ဘာမြေမှ လူသားကို အဝေးဆုံးသွားရောက်နိုင်သည့် စံချိန်သစ်ကို တင်နိုင်ခဲ့ကြောင်း သိရသည်။

အိုရိုင်ယွန်အာကာသယာဉ်ပေါ်တွင် လိုက်ပါသွားသည့် အာကာသယာဉ်မှူး လေးဦးသည် ယမန်နေ့က ယခင်စံချိန်ဟောင်းဖြစ်သော ကီလိုမီတာ ၄၀၀၁၇၁ (၂၄၈၆၅၅ မိုင်)အကွာအဝေးကို ကျော်ဖြတ်နိုင်ခဲ့ကြသည်။ အဆိုပါ စံချိန်ဟောင်းကို ၁၉၇၀ ပြည့်နှစ် ဧပြီလတွင် အပိုလို ၁၃ အာကာသယာဉ်က တင်ခဲ့ခြင်းဖြစ်သည်။

လ၏ တစ်ဖက်ခြမ်းသို့ ပတ်၍ ခရီးနှင်နေသော အဆိုပါ အာကာသယာဉ်သည် ဂရင်းနစ်စံတော်ချိန် ၂၃း၀၇ နာရီတွင် ကမ္ဘာမြေမှ အကွာဆုံးဖြစ်သော ကီလိုမီတာ ၄၀၆၇၈၈(၂၅၂၇၆၀ မိုင်)ခန့်သို့ ရောက်ရှိမည်ဖြစ်သည်။

ယင်းခရီးစဉ်တွင် အာကာသယာဉ်သည် လအနီးမှ ပျံသန်းသွားမည်ဖြစ်ပြီး လိုက်ပါသွားသည့် အဖွဲ့ဝင်များသည် လမျက်နှာပြင်၏ ဝိသေသလက္ခဏာများကို ခြောက်နာရီကျော်ကြာ လေ့လာဆန်းစစ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

0-0-0



## လ၏ဝင်ရိုးစွန်းများတွင် နှစ်ပေါင်း ၁ ဒသမ ၅ ဘီလီယံခန့်အထိ ရေခဲများ အဆင့်ဆင့်စုပုံလာခဲ့ကြောင်း အစ္စရေးနှင့်အမေရိကန် သိပ္ပံပညာရှင်များတွေ့ရှိ

**ဂျေရုဆလင် ဧပြီ ၇**

လ၏ဝင်ရိုးစွန်းများတွင် အနည်းဆုံး နှစ်ပေါင်း ၁ ဒသမ ၅ ဘီလီယံခန့်အထိ ရေခဲများ အဆင့်ဆင့်စုပုံလာခဲ့ကြောင်း အစ္စရေးနှင့် အမေရိကန် သိပ္ပံပညာရှင်များက တွေ့ရှိခဲ့သည်ဟု အစ္စရေးရှိ ဝေ့ဇ်မင်းန်း သိပ္ပံအင်စတီကျုမှ ဧပြီ ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

၎င်းတို့၏ သုတေသနကို သဘာဝ နက္ခတ္တဗေဒဂျာနယ်တွင် ဖော်ပြထားပြီး "cold traps" ဟုခေါ်သည့် နေမထိသော နက်ရှိုင်းသည့် ချိုင့်ကြီးများတွင် အပူချိန် အနုတ် ၁၆၀ ဒီဂရီဆဲလ်စီးယပ်ခန့်အထိ ကျဆင်းနိုင်သောကြောင့် အဆိုပါနေရာများသည် ရေခဲရှာဖွေရန် အကောင်းဆုံးနေရာများဖြစ်ကြောင်း ဖော်ပြထားသည်။

နာဆာ၏ လပေါ်သို့ သုတေသနယာဉ်မှ ဒေတာများကို အသုံးပြု၍ သုတေသနပြုရာတွင် အမှောင် မိုက်ဆုံးနေရာများ၌ ရေခဲပိုများကြောင်း တွေ့ရှိခဲ့ပြီး ၎င်းသည် တစ်ကြိမ်တည်း ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ အချိန်ကြာမြင့်စွာ စုပုံလာခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုရေခဲများသည် ရေ၊ အောက်ဆီဂျင်နှင့် လောင်စာအဖြစ်သို့ ပြောင်းလဲသွားနိုင်ပြီး နာဆာသည် ၎င်း၏ Artemis အာကာသစူးစမ်းရေး (လကမ္ဘာပေါ်တွင် လူသားများ နေထိုင်ရေး) အစီအစဉ်အောက်တွင် အဆိုပါ ဒေသများကို စူးစမ်းရန် စီစဉ်နေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အနာဂတ် လသို့သွားရောက်မည့် မစ်ရှင်များမှတစ်ဆင့် ရေ၏ မူလဇာစ်မြစ်နှင့် အာကာသအတွင်း လူသားများ၏လုပ်ဆောင်ချက်များကို မည်ကဲ့သို့ ပံ့ပိုးပေးနိုင်သည်ကို ဆုံးဖြတ်ရန် နမူနာများကို စုဆောင်းနိုင်လိမ့်မည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

**ဆင်ဟွာ**

## ယန်ဇီမြစ်၏ တောင်ဘက်ကမ်းအနီး၊ အန်ဟွီပြည်နယ်တွင် တရုတ်ရှေးဟောင်းကြေးထည်ပစ္စည်းများ ဖော်ထုတ်တွေ့ရှိ

**ပေကျင်း ဧပြီ ၇**

တရုတ်ပြတိုက်များသို့ လာရောက်လည်ပတ်သူများသည် ရှေးဟောင်းကြေးထည်ပစ္စည်းများ၏ လှပမှုနှင့် အစောပိုင်း တရုတ်ယဉ်ကျေးမှုကို ပုံဖော်ပေးခဲ့သည့် တင်းကျပ်သော ဘာသာရေးနှင့် ရိုးရာဓလေ့ထုံးတမ်းစနစ်များတွင် ၎င်းတို့၏ ပါဝင်ပတ်သက်မှုများကို အလေးအနက်ထား အသိအမှတ်ပြုလေ့ရှိကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယန်ဇီမြစ်၏ တောင်ဘက်ကမ်းအနီး၊ အန်ဟွီပြည်နယ်ရှိ ရှန်ဒန်ထိဒေသတွင် မကြာသေးမီက ပြုလုပ်ခဲ့သော ရှေးဟောင်းသုတေသနလုပ်ငန်းများသည် ထိုအချက်ကို ပိုမိုပေါ်လွင်စေသည်။

လွန်ခဲ့သည့် နှစ်နှစ်အတွင်း တူးဖော်မှုများအရ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ကြေးသွန်းလုပ်ငန်းနှင့် ဆက်စပ်နေသည့် ရှေးဟောင်းပစ္စည်းပေါင်း ၁၀၀၀ ခန့်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

**Mon**

ယန်ဇီမြစ်၏ တောင်ဘက်

0-0-0-0-0



## ထိုင်း စက်သုံးဆီ လီတာ ၅၇ သန်း ပျောက်ဆုံးမှုတွင် ပုံမှန်မဟုတ်သော ကွဲလွဲမှုများကို တွေ့ရှိရသည်ဟု ဆို

**ဘန်ကောက် ဧပြီ ၇**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီပြည်နယ်ရှိ ဆီသိုလှောင်ရုံ ခြောက်ခုသို့ သယ်ယူပို့ဆောင်စဉ်အတွင်း စက်သုံးဆီ လီတာ ၅၇ သန်း ပျောက်ဆုံးမှုတွင် ပုံမှန်မဟုတ်သော ကွဲလွဲမှုများကို တွေ့ရှိရကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။

စက်သုံးဆီများ သိုလှောင်ထားသည်ဟု သံသယရှိမှုအပေါ် နည်းလမ်းနှစ်သွယ်ဖြင့် စုံစမ်းစစ်ဆေးမှုများ စတင်နေပြီဖြစ်ကြောင်း စွမ်းအင်အကျပ်အတည်းဆိုင်ရာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့ပြီး အဆိုပါပွဲတွင် ဝန်ကြီးချုပ် အနုတင်ချန်ဗီရာကူးလ်ကလည်း စက်သုံးဆီသိုလှောင်သူများကို အရေးပေါ်နှိမ်နင်းရန် ကြေညာခဲ့သည်။

စုံစမ်းစစ်ဆေးမှု၏ ပထမအဆင့်တွင် စက်သုံးဆီဆိုင်များ၌ နောက်ဆုံးအဆင့် စစ်ဆေးခြင်းများ ပါဝင်ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်နယ်အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ပုံမှန်မဟုတ်သော ကွဲလွဲမှုများကို ဆီသိုလှောင်ရုံများအထိ နောက်ကြောင်းပြန်လိုက်လံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**Mon**



## စင်ကာပူလေကြောင်းလိုင်းဖြင့် ပြည်ပသို့ ခရီးသွားကြမည့်သူများ ဘောလုံးပွဲတိုက်ရိုက်ထုတ်လွှင့်မှုများကို လေယာဉ်ပေါ်တွင် ကြည့်ရှုနိုင်မည်

**စင်ကာပူ ဧပြီ ၇**

ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးရာသီအတွင်း စင်ကာပူလေကြောင်းလိုင်းဖြင့် ပြည်ပသို့ ခရီးသွားကြမည့် ဘောလုံးဝါသနာရှင်များသည် ပွဲစဉ်များ လွတ်သွားမည်ကို စိုးရိမ်ရန်မလိုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သတ်မှတ်ထားသော လေယာဉ်ခရီးစဉ်များပေါ်တွင် ယခုနှစ် ဖီဖာကမ္ဘာ့ဖလား တိုက်ရိုက်ထုတ်လွှင့်မှုများကို ခရီးသည်များ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းက ဧပြီလ ၇ ရက်တွင် ကြေညာခဲ့သည်။

ဇွန် ၁၁ ရက်မှ ဇူလိုင် ၁၉ ရက်အထိ စင်ကာပူလေကြောင်းလိုင်းပိုင် ဘိုးအင်း ၇၈၇-၁၀၊ ဘိုးအင်း ၇၃၇-၈၊ အဲဘတ်စ်အေ ၃၅၀-၉၀၀ အမျိုးအစား လေယာဉ် ၄၁ စင်းနှင့် ဘိုးအင်း ၇၇၇-၃၀၀ အီးအာရ် လေယာဉ် ၈ စင်းတို့ရှိ ခရီးစဉ်အတွင်း ဖျော်ဖြေရေးစနစ်ဖြစ်သော ခရစ်စ်ဝေါလ် လိုက်ဗ်ဖ်တီဗွီရှိ စပို့တ် ၂၄ လိုင်းမှတစ်ဆင့် ပွဲစဉ်များကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။




သို့ရာတွင် တိုက်ရိုက်ထုတ်လွှင့်မှုများသည် ဂြိုဟ်တုဖမ်းယူရရှိမှု၊ ထုတ်လွှင့်သူ၏ အစီအစဉ်များနှင့် သတ်မှတ်ထားသော ပျံသန်းရေးလမ်းကြောင်းများရှိ လုပ်ထုံးလုပ်နည်းဆိုင်ရာ ခွင့်ပြုချက်များအပေါ် မူတည်မည်ဟု စင်ကာပူလေကြောင်းလိုင်းက အသိပေးထားကြောင်း သိရသည်။

**Mon**

## လေဖိအားနည်းရပ်ဝန်းတွင် မုန်တိုင်းများ တိုက်ခတ်ပြီးနောက် ဟာဝိုင်ယီပြည်နယ်၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်

**ဝါရှင်တန် ဧပြီ ၇**

ဟာဝိုင်ယီကျွန်းစုတစ်ဝန်း စံချိန်တင်မိုးရွာသွန်းမှု၊ အသက်အန္တရာယ်စိုးရိမ်ရသည့် ရေကြီးမှုနှင့် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေခဲ့သော ကုန်းနိမ့်ပိုင်း လေဖိအားနည်းရပ်ဝန်းတွင် မုန်တိုင်းများ တိုက်ခတ်ပြီးနောက် ပြင်းထန်သော မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သည့် အခြေအနေများ ဟာဝိုင်ယီပြည်နယ်သို့ ဦးတည်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

နေအိမ်များနှင့် လမ်းမများမှာ ရေနှင့်ရွှံ့နွံများဖြင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် အဆိုပါ ယခင်မုန်တိုင်းဒဏ်ကြောင့် ဒေသအများအပြားတွင် ပြန်လည်ကုစားရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲ အချိန်တွင် ယခုကဲ့သို့ မုန်တိုင်းအန္တရာယ် ထပ်မံကြုံတွေ့ရခြင်း ဖြစ်သည်။

ရုတ်တရက်ရေကြီးမှု အရေးပေါ် အခြေအနေကြောင့် အိုအာဟူးကျွန်း မြောက်ဘက်ကမ်းခြေရှိ ဝိုင်အာလူဝါနှင့် ဟာလေအီဝါမြို့များ အပါအဝင် လူမှုအသိုက်အဝန်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**Mon**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းခတ် ဧပြီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီခွဲက မိုင်းခတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲတွင် မိုင်းခတ်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးလွင်မင်းပိုင်က ပြည်သူများ မီးဘေးအန္တရာယ် ကြုံတွေ့လာပါက လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ မီးသတ်ဆေးဘူးများထားရှိရန်၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးမီး၊ မီးဖိုမီးများကို စနစ်တကျ ငြိမ်းသတ်ပြီးမှ အိပ်ကြရန်နှင့် သက်ကြီးဘိုးဘွားများနှင့် ကလေးငယ်များကို မီးဖိုမီး အသုံးမပြုကြစေရေး အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူး စနစ်တကျ ထားသိုမှု၊ ကိုင်တွယ်အသုံးပြုပုံနှင့် လူနာအား ကုလားထိုင်ဖြင့် အရေးပေါ် သယ်ဆောင်ခြင်းတို့ကို လက်တွေ့သရုပ်ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## ကံမမြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ကံမ ဧပြီ ၇**

ကံမမြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီက ကံမမြို့နယ်၊ အုတ်ဖိုကျေးရွာ၊ သရက်-ကံမ ကားလမ်းဘေးရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး၊ အခြင်အတွယ် ပြည့်ဝမှန်ကန်ရေး၊ စက်သုံးဆီများ စနစ်တကျ ပြည့်ဝမှန်ကန်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦး၊ ကံမမြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲမှူး မြင့်စိုး၊ ကံမမြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲညွန့်တို့က ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ကဆ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တပ်ကုန်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဧပြီ ၄ ရက် ညနေ ၅ နာရီက တပ်ကုန်းမြို့နယ်၊ မိုင်တိုင်အမှတ်(၇/၀)အနီးတွင် ခွန်ထွန်းချစ်ဆိုသူ မောင်းနှင်ပြီး ခွန်ငြိမ်းချမ်းနှင့် ခွန်နေဝင်းထွန်းဆိုသူတို့ လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်နှင့် ကိုလင်းဆိုသူ မောင်းနှင်ပြီး ခွန်မောင်ဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၄၀,၀၀၀နှင့် လက်ကိုင်ဖုန်းငါးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခွန်ထွန်းချစ်(၂၀)နှစ်၊ ခွန်ငြိမ်းချမ်း(၂၀)နှစ်၊ ခွန်နေဝင်းထွန်း(၂၀)နှစ်၊ ကိုလင်း(၂၈)နှစ်နှင့် ခွန်မောင်(၂၂)နှစ် ဆိုသူတို့အား တပ်ကုန်းမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**မီးကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ ။**

## ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲက ကျိုင်းတုံမြို့နယ်၊ နောင်ရှုန်ကျေးရွာအနီးတွင် ကျအူဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျအူ(၅၀)နှစ်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## ပြည်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပြည် ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြို့သစ်ရပ်ကွက်မှ ဘုရင့်နောင်လမ်းမကြီးဘက်သို့ မြို့သစ်ရပ်ကွက်နေ နိုင်မင်းထက်(၄၀)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN CONDOR မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ နိဗ္ဗိန္ဒလမ်းဆုံမှ ကားကြီးဝင်းဘက်သို့ မြို့သစ်ရပ်ကွက်နေ ထွန်းမင်းနိုင်(၁၅)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဝီလျှံအောင်(၁၆)နှစ်ဆိုသူ လိုက်ပါလာသည့် ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ထွန်းမင်းနိုင် ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဝီလျှံအောင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် နိုင်မင်းထက်ဆိုသူအား ပြည်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံး

**တောင်ငူ ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၃ ရက် ည ၇ နာရီ မိနစ် ၅၀ တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၂၃)ရပ်ကွက်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူ-သံတောင်ကားလမ်းအတိုင်း သံတောင်မြို့မှ တောင်ငူမြို့ဘက်သို့ တောင်ငူမြို့နယ်၊ အမှတ်(၂၃)ရပ်ကွက်နေ စောထူးစော(၅၆)နှစ်ဆိုသူ မောင်းနှင်ပြီး ရွာသစ်ကုန်းကျေးရွာနေ ကြယ်စင်လင်း(ခ)ကုလားလေး(၁၇)နှစ်ဆိုသူ၊ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ရေသိုးကြီးကျေးရွာနေ မင်းခန့်စိုး(၁၉)နှစ်ဆိုသူတို့ လိုက်ပါလာသော MITSUBISHI CANTER ခြောက်ဘီး မော်တော်ယာဉ်သည် အခြေခံပညာ အလယ်တန်းကျောင်း(ကသဲစု) ရှေ့အရောက်၌ ကသဲစုကျောင်းလမ်းဘက်သို့ ချိုးကွေ့စဉ် မျက်နှာချင်းဆိုင်မှ တောင်ငူမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ မင်းမင်းထွန်း(၂၃)နှစ်ဆိုသူ မောင်းနှင်လာသော TOYOMAX CZI ဆိုင်ကယ်အား ဝင်ရောက်တိုက်မိသဖြင့် မင်းမင်းထွန်းဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိ၍ သေဆုံးသွားခဲ့သောကြောင့် စောထူးစောဆိုသူအား တောင်ငူမြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



နေပြည်တော် ဧပြီ ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ပြည်နှင်လွှဲပြောင်း ပေးအပ်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦးအား ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့်အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilyn Ilia နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဧပြီ ၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၂၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦး ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၇၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးမြို့၌ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သုံးစွဲမှုများကို စစ်ဆေးရှာဖွေ ဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကိုလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်အတွင်း မူးယစ်ဆေးဝါး ရောင်းချနေသူများ ရောက်ရှိနေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက် နံနက် ၈ နာရီ မိနစ် ၃၀ ခန့်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ ၅၄(ဘီ)လမ်း၊ ၁၂၈ x ၁၂၉ လမ်းကြား၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူများဖြစ်သည့် အောင်ကျော်စိုးနှင့် ဇနီးဖြစ်သူ သူဇာသန်း (ခ) သီတာ တို့အား ဖမ်းဆီးရမိခဲ့ပြီး အမရပူရမြို့နယ် ဒေါင်းရွှေကျေးရွာရှိ၎င်းတို့၏နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉ ဒသမ ၂၂ သိန်းပြား(ခန့်မှန်းတန်ဖိုး ၁ ပြားလျှင် ၁၅၀၀ ကျပ်)၊ ဘိန်းဖြူ ၅ ဒသမ ၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ၁ ကီလိုဂရမ်လျှင် ငွေကျပ်သိန်း ၂၅၀ ကျပ်) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်ရှိသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နေ အိုက်ချွမ် (ဖမ်းဆီးရန်ကျန်) က မူးယစ်ဆေးဝါးများကို မန္တလေးမြို့အတွင်း ပြန်လည်ရောင်းချရန် ၎င်း၏အစီအစဉ်ဖြင့် အမရပူရမြို့နယ် ဒေါင်းရွှေကျေးရွာရှိ အောင်ကျော်စိုးနှင့် ဇနီးဖြစ်သူ သူဇာသန်း (ခ) သီတာ တို့၏နေအိမ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အိုက်ချွမ်(ဖမ်းဆီးရန်ကျန်) ပို့ဆောင်ပေးသည့် မူးယစ်ဆေးဝါးများကို အောင်ကျော်စိုး နှင့် ဇနီးဖြစ်သူ သူဇာသန်း (ခ) သီတာ တို့က မန္တလေးမြို့တွင် ပြန်လည်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေအရထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆက်စပ်ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် ပျက်စီးဒုက္ခရောက်စေနိုင်သော မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား လျှို့ဝှက်၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်



တရားခံ အောင်ကျော်စိုး ၅၀ နှစ်



တရားခံ သူဇာသန်း(ခ)သီတာ ၄၇ နှစ် (အောင်ကျော်စိုး၏ ဇနီး)



# မန်နျူရဲယူဂါတီအား ခေါ်ယူရန် ဂျူဗင်တပ်အသင်း ကမ်းလှမ်း

တူရင် ဧပြီ ၇

စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် မန်ယူအသင်းနှင့် အဆင်မပြေဖြစ်နေသည့် ကွင်းလယ်ကစားသမား မန်နျူရဲယူဂါတီအား ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မန်ယူအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၈ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း မန်နျူရဲယူဂါတီအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅သန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် မန်ယူအသင်းထံမှ မန်နျူရဲယူဂါတီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**




## 2026 BMW Open by Bitpanda တင်းနစ်ပြိုင်ပွဲ ဧပြီ ၁၃ရက်တွင် စတင်မည်



**မြူးနစ် ဧပြီ ၇**

ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့တွင် ကျင်းပမည်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BMW Open by Bitpanda တင်းနစ်ပြိုင်ပွဲ လာမည့် ဧပြီ ၁၃ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 BMW Open by Bitpanda တင်းနစ်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၂၀ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 BMW Open by Bitpanda တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

BMW Open by Bitpanda တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

## ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ကစားသမားဘဝ ကုန်ဆုံးသွားလိုကြောင်း ဗင်နီစီယပ်စ် ပြောကြား

**မက်ဒရစ် ဧပြီ ၇**



တိုက်စစ်မှူး ဗင်နီစီယပ်စ်က မိမိအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ကစားသမားဘဝ ကုန်ဆုံးသွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၇ ပွဲကစားပြီး ၁၂၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဗင်နီစီယပ်စ်က "ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းမှာပဲ ကစားသမားဘဝကုန်ဆုံးသွားလိုပါတယ်။ ကျွန်တော့်မိသားစုကလည်း ဒီမှာပျော်ရွှင်နေပါတယ်။ ဒီအသင်းဟာ ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့အသင်းတစ်သင်းပါ"ဟု ပြောသည်။ (အပေါ်ပုံ) (NGB)

## ခရစ္စတီယန်ကိုဖာနီအား ခေါ်ယူရန် အာဆင်နယ်အသင်းစီစဉ်

**လန်ဒန် ဧပြီ ၇**

အာဆင်နယ်အသင်းသည် လေဗာကူဆင်အသင်းတိုက်စစ်မှူး ခရစ္စတီယန်ကိုဖာနီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လေဗာကူဆင်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၉ ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းကလည်း ခရစ္စတီယန်ကိုဖာနီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် လေဗာကူဆင်အသင်းထံမှ ခရစ္စတီယန်ကိုဖာနီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)





## နာပိုလီအသင်းက အေစီမီလန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**တူရင် ဧပြီ ၇**

အီတလီစီးရီးအေပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နာပိုလီအသင်းနှင့် အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နာပိုလီအသင်းက အေစီမီလန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နာပိုလီအသင်းအတွက် သွင်းဂိုး တစ်ဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် ပိုလီတာနိုက သွင်းယူပေးခဲ့သည်။

နာပိုလီအသင်းသည် အီတလီစီးရီးအေပွဲစဉ် (၃၁)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၆၅မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်ခဲ့သည်။ (အပေါ်ပုံ)

(NGB)

## တွမ်အက်ချီဆန်အား စာချုပ်သက်တမ်းတိုးရန် ဘလက်ဘန်းအသင်းစီစဉ်

**လန်ဒန် ဧပြီ ၇**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဘလက်ဘန်းအသင်းသည် အသင်းနောက်ခံကစားသမား တွမ်အက်ချီဆန်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဘလက်ဘန်းအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။




နောက်ခံကစားသမား တွမ်အက်ချီဆန်သည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည်။

ဘလက်ဘန်းအသင်းထုတ်ပြန်ချက်တွင် "တွမ်အက်ချီဆန်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီး အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များထွက်ပေါ်

**လန်ဒန် ဧပြီ ၇**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးအင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။




အမျိုးသမီး အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ချဲလ်ဆီးအသင်းနှင့် မန်စီးတီးအသင်း၊ လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးအင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် မေ ၉ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဒတ်ချ်လိဂ်ချန်ပီယံဆုကို ပီအက်စ်ဗွီအသင်း ဆွတ်ခူး

**လန်ဒန် ဧပြီ ၇**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဒတ်ချ်လိဂ်ချန်ပီယံဆုအား ပီအက်စ်ဗွီအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ပီအက်စ်ဗွီအသင်းသည် ဒတ်ချ်လိဂ်ပွဲစဉ် (၂၉)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၇၁မှတ်အထိရရှိထားပြီး အဆင့်(၂)နေရာမှ ဖီယင်နုအသင်းအား ၁၇ မှတ်ထိ ဖြတ်ထားနိုင်မှုကြောင့် ပြိုင်ပွဲပြီးဆုံးရန် ငါးပွဲအလိုမှာပင် ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည်။

ပီအက်စ်ဗွီအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ဒတ်ချ်လိဂ်ချန်ပီယံဆုအား (၂၇) ကြိမ်မြောက်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ (အောက်ယာပုံ)

ပီအက်စ်ဗွီအသင်းထုတ်ပြန်ချက်တွင် "ဒတ်ချ်လိဂ်ချန်ပီယံဆုအား ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက်အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* အင်တာမီလန်အသင်းသည် စပါးအသင်းဂိုးသမား ဗီကာရီယိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လက်မှတ်ရောင်းချမှုတွင် ပေါ်တူဂီလက်ရွေးစင်အသင်းက အုပ်စုပွဲစဉ်လက်မှတ်အားလုံး ရောင်းကုန်သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

* အက်သလက်တီကိုမက်ဒရစ်အသင်းသည် အတ္တလန်တာအသင်း ကွင်းလယ်ကစားသမား အီဒါဆန်အား ခေါ်ယူရန် အလျင်အမြန်စီစဉ်လျက်ရှိသည်။ (NGB)




### ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်(ပ-အကျော့ပွဲစဉ်များ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ရှုံးထွက်အဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၉-၄-၂၀၂၆ ကြာသပတေးနေ့ | နံနက် ၀၁:၃၀ နာရီ | ဘာစီလိုနာ - အက်သလက်တီကို (စပိန်-၁) (စပိန်-၄) | ဘာစီလိုနာ ၃-၀ အက်သလက်တီကို<br>အက်သလက်တီကို ၁-၂ ဘာစီလိုနာ |
| ။ | ။ | ပီအက်စ်ဂျီ - လီဗာပူး (ပြင်သစ်-၁) (အင်္ဂလန်-၅) | ပီအက်စ်ဂျီ ၀-၁ လီဗာပူး<br>လီဗာပူး ၀-၁ ပီအက်စ်ဂျီ |

### ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်(ပအကျော့)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၈-၄-၂၀၂၆ ဗုဒ္ဓဟူးနေ့ | ည ၁၁:၀၀ နာရီ | ဘရာဂါ(ပေါ်တူဂီ-၄) - ဘက်တစ်(စပိန်-၅) |

## အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**တောင်တွင်းကြီး ဧပြီ ၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့၌ ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားလာနိုင်သဖြင့် ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် ရည်ရွယ်၍ ဧပြီ ၆ ရက် နံနက်ပိုင်းက အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။



အဆိုပါ အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို တောင်တွင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်နိုင်စိုး၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများပူးပေါင်းအဖွဲ့က အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ ခံစားရပါက လိုက်နာရန်အချက်များ၊ အပူဒဏ်အန္တရာယ် အထူးသတိပြုရမည့်သူများ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ်ရှေးဦးပြုစုခြင်း စသည့် အကြောင်းအရာများ ပါဝင်ပြီး ဒေသနေပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန် လူစည်ကားရာနေရာများ၌ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**နောင်နောင်(ဗိသနိုးမြေ)**

## မန္တလေးဘောလုံးသမားဟောင်းများအသင်း၏ အကြိမ်(၂၀)မြောက် အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ ကျင်းပ

**မန္တလေး ဧပြီ ၇**

မန္တလေး ဘောလုံးသမားဟောင်းများအသင်း၏ အသက်(၇၀)နှစ်နှင့်အထက် သက်ကြီး မန္တလေးဘောလုံးကစားဟောင်းကြီးများ အကြိမ်(၂၀)မြောက် သက်ကြီးပူဇော်ပွဲကို မန္တလေးမြို့၊ လမ်း ၃၀ နှင့် ၇၁ လမ်းထောင့်ရှိ ဗထူးအားကစားကွင်း အထူးတန်းရှေ့ မြက်ခင်းပြင်တွင် ဧပြီ ၅ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများ၊ သက်ကြီး ကန်တော့ခံ ဘောလုံးသမားများ၊ မန္တလေးဘောလုံးသမားဟောင်းများ အသင်းနာယက ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများ၊ ဒေသခံ ဘောလုံးအသင်းတို့မှ ဘောလုံးသမားများ တက်ရောက်ကြသည်။ (အောက်ပုံ)

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း(စိန်နှင့်မြ)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကန်တော့ခံသက်ကြီး ဘောလုံးသမားများကို တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ဆက်လက်၍ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ နာယက ဦးကျော်မင်းယဉ်က ကန်တော့ချီးဖြင့် ဦးဆောင်တိုင်ပေး၍ အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးကန်တော့ခံ ဘောလုံးသမား ၃၉ ဦးတို့ကို ရှိခိုးကန်တော့ကြပြီး အသင်းဝင်များ၏ လှူဒါန်းငွေများနှင့် လက်ရွေးစင် ဦးစိုးစိုးနှင့် ဦးသန်းထွန်း ညီအစ်ကိုမိသားစုက သီးသန့်လှူဒါန်းငွေအပါအဝင် စိန်မြင့်မိုရ်လုံချည်နှင့် စားသောက်ကုန်များကို တာဝန်ရှိသူများက အသီးသီးပေးအပ်လှူဒါန်း ကုသိုလ်ပြုကြရာ ကန်တော့ခံများကိုယ်စား လက်ရွေးစင်ဟောင်း ဦးခင်မောင်လေးက ဆုပေးစကား ပြန်လည်ပြောကြားခဲ့သည်။



ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဦးရဲလင်းနှင့် အမှုဆောင် ဦးဝင်းနိုင်တို့က ကျေးဇူးတင်စကား ပြောကြားပြီး နှစ်စဉ်အလှူရှင်တို့က တက်ရောက်လာကြသည့် ကန်တော့ခံဘောလုံးသမားကြီးများ၊ အသင်းဝင်များနှင့် ဧည့်သည်တော်များအား ဝင်းရတနာကိတ်နှင့် ရေခဲမုန့်အအေးတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်းနှင့် အခမ်းအနားအပြီးတွင် Old Star အသင်းဝင်များက ချစ်ကြည်ရေးဘောလုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## စားအုန်းဆီနှင့် စက်မှုလုပ်ငန်းသုံးဆီများ ထုတ်ယူဖြန့်ဖြူးခြင်း လုပ်ငန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိတ္ထီလာ ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ စားအုန်းဆီနှင့် စက်မှုလုပ်ငန်းသုံး ဆီများ ထုတ်ယူ ဖြန့်ဖြူးရေးလုပ်ငန်းများအား စနစ်တကျ မှန်ကန်စေရေးနှင့် စားသုံးသူပြည်သူများ လက်ဝယ်အရောက် သတ်မှတ်ဈေးနှုန်း၊ သတ်မှတ်ပမာဏအတိုင်း ဖြန့်ဖြူးရောင်းချစေရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီခွဲက ခရိုင်စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်း စားအုန်းဆီများ ဖြန့်ဖြူးပေးနေသည့် အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က စားအုန်းဆီဖြန့်ဖြူးမှုများနှင့် စက်မှုလုပ်ငန်းသုံးဆီ ထုတ်ယူဖြန့်ဖြူးမှုများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖြန့်ဖြူးရောင်းချသွားရန်၊ သတ်မှတ်စည်းကမ်းချက်များ ဖောက်ဖျက်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လုပ်ငန်းရှင်များက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။



အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး၊ မိတ္ထီလာခရိုင်ဦးစီးမှူးနှင့် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့မှ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းသုံးဆီ ထုတ်ယူသည့် SME လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၆၉)

## ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်လှစ်

**ပုသိမ်ကြီး ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း အခြေခံသင်တန်း(၁/၂၀၂၆) ဖွင့်ပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီက အ.ထ.က ပုသိမ်ကြီး၊ အောင်ဇမ္ဗူခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးဝေယံမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်က သင်တန်းဖွင့်လှစ်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် မြို့နယ်ကြက်ခြေနီ အသင်းခွဲသို့ မြို့နယ်ပညာရေးမှူးရုံးမှ အလှူငွေ ပေးအပ်လှူဒါန်းရာ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါ်သက်မာဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၃ ဦးအား သင်တန်းကာလ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲအပြီးတွင် အမှတ်တရ စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

**စာနည်းကိုကို(ပြန်/ဆက်)**



## ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း စားသုံးဆီ ဖူလုံပိုလျှံရေး နွေနှမ်းများကို တစ်ဧက ပန်းတိုင်အထွက်နှုန်းသေချာသည့် ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိရာ စပါယ်တောကျေးရွာရှိ တောင်သူ ဦးမျိုးမင်း၏ ဦးပိုင်အမှတ်(၅၅/၄)၊ ကွင်းအမှတ်(၃၁-ခ)၊ ၂ ဒသမ ၅ ဧကၡ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော နွေနှမ်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပေါင်ကြီးတင်စနစ် နွေနှမ်းများ စိုက်ပျိုးမည်ဆိုပါက မြေအမျိုးအစားအပေါ်မူတည်၍ သုံးပေ၊ လေးပေအကျယ် မြေပေါင်များ ပြုလုပ်ပြီး မျိုးစေ့ချကိရိယာဖြင့် စနစ်တကျ စိုက်ပျိုးရကြောင်း၊ စနစ်တကျ စိုက်ပျိုးမှုကြောင့် မျိုးစေ့ကုန်ကျမှု သက်သာခြင်း၊ ပေါင်းမြက်ရှင်းလင်းရာ၌ လွယ်ကူခြင်းနှင့် ရေသွင်း၊ ရေထုတ် လွယ်ကူသဖြင့် အပင်ဖြစ်ထွန်းမှု ကောင်းမွန်ကာ တစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၂၀ ကျော်ထွက်ရှိကြောင်း ၂၀၂၃-၂၀၂၄ ခုနှစ် ပေါင်ကြီးတင်စနစ်ဖြင့် နွေနှမ်းစိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။



ကျောက်ဆည်ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက နွေနှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေး တောင်သူများနှင့် ပူးပေါင်းပြီး တစ်ဧက ပန်းတိုင်အထွက်နှုန်းသေချာသည့် ပေါင်ကြီးတင်စနစ်ဖြင့် နွေနှမ်းများစိုက်ပျိုးရေး အသိပညာများ ဖြန့်ဝေပေးလျက်ရှိပြီး ဒေသနှင့်ကိုက်ညီသည့် နွေနှမ်းမျိုးစေ့များ ဖြန့်ဝေခြင်း၊ စိုက်ပျိုးခြင်းနှင့် အပင်ပြုစုနည်းပညာများ စနစ်တကျ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ) (၄၈၅)

## ၂၀၂၆ ခုနှစ် "လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် **"လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှမန်းသင်္ကြန်ပွဲ"**ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ထိုက်တန်စွာ ဆုချီးမြှင့်ပါမည်။

ပြိုင်ပွဲစည်းကမ်းချက်များ

၁။ ပြိုင်ပွဲဝင်တစ်ဦးသည် ဓာတ်ပုံအရွယ်အစား(၁၀ လက်မ၊ ၁၄ လက်မ)အလျားလိုက် ရောင်စုံဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်သူ အမည်တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိက ဆုစာရင်းပယ်ဖျက်ပါမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် အောက်ပါအချက်အလက်များ ပါဝင်ရမည်။
(က) မန္တလေး၏အငွေ့အသက်
(ခ) မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်
(ဂ) သင်္ကြန်အငွေ့အသက်
(ဃ) သနပ်ခါးနှင့် လက်ဖက်ယဉ်ကျေးမှုကို ဖော်ကျူးပြသခြင်း။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ် သင်္ကြန်ပွဲတော်ကာလ လမ်းလျှောက်သင်္ကြန်ပွဲအတွင်း ရိုက်ကူးထားသော ပုံများဖြစ်ရပါမည်။ ပြိုင်ပွဲဝင်ပုံများသည် အခြားပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရထားပြီးပုံများ မဖြစ်စေရ။ စီးပွားရေးကြော်ငြာများ၊ မီဒီယာများနှင့် Website များတွင် အသုံးပြုပြီးပုံများ မဖြစ်စေရ။ ၄င်းတို့နှင့် ဆင်တူယိုးမှားပုံများ မဖြစ်စေရ။

၃။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာလျှင် တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာဖြစ်ပေါ်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုများကို ပြန်လည်ရုပ်သိမ်းမည်။

၄။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် နိုင်ငံတော်၏ မူဝါဒ ဆန့်ကျင်သောပုံများ၊ အမျိုးသားယဉ်ကျေးမှုနှင့် ဆန့်ကျင်သောပုံများ၊ တည်ဆဲဥပဒေနှင့် ငြိစွန်းသောပုံများ မဖြစ်စေရ။ ပုံထဲမှရှိနေသည့် အရာဝတ္ထုများအား ဖယ်ထုတ်ခြင်း၊ မရှိသည့်အရာဝတ္ထုများ ထည့်သွင်းခြင်း မပြုလုပ်ရ။ အလွန်အကျူးပြုပြင်ထားသောပုံများ မဖြစ်စေရ။ ရိုက်ကူးသည့် မူရင်းပုံအား အလင်းအမှောင်၊ Cropping၊ ကာလာချိန်သည့် ပြိုင်ပွဲပုံများ ဖြစ်ရမည်။ ယခင်ပုံဟောင်းများ မဖြစ်စေရ။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု(၇)ဆုအား ထိုက်တန်စွာ ဆုချီးမြှင့်မည်။ ပြိုင်ပွဲဝင်တစ်ဦးသည် ပြိုင်ပွဲတွင်(ပထမ၊ ဒုတိယ၊ တတိယ)ဆုကြီး (၁)ဆုနှင့် နှစ်သိမ့်ဆု (၁)ဆုသာလျှင် ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုလိုသော မည်သည့်ကိစ္စတွင်မဆို အသုံးပြုရန် သဘောတူခွင့်ပြုရမည်။

၇။ ပြိုင်ပွဲဓာတ်ပုံများကို Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူးယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, Gopro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ရိုက်ကူးထားသည့် မူရင်း Print File တို့ကို CD ဖြင့် တစ်ပါတည်း တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို **(၂၁-၄-၂၀၂၆)ရက်၊ (အင်္ဂါနေ့) (နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း)** မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးသို့ ပေးပို့ရပါမည်။

၉။ ပဏာမရွေးချယ်ခြင်းကို **(၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့) (ညနေ ၄း၀၀ နာရီ)** တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲစံနှုန်းများနှင့်အညီ ဝါရင့်ဓာတ်ပုံပညာရှင်ကြီးများ၏ ပဏာမစိစစ်ရွေးချယ်ခြင်းကို ဆောင်ရွက်သွားပါမည်။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံရှင်များထံ အချိန်မီအကြောင်းကြားပေးမည် ဖြစ်ပါသည်။

၁၀။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို **(၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၉း၀၀ နာရီ) မှ (၂၉-၄-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) (ညနေ ၆း၀၀ နာရီ)** အထိ MCDC Facebook Page တွင်တင်ပြီး Like ရရှိမှုအရေအတွက်ပေါ်မူတည်၍ ဆုရွေးချယ်သွားမည် ဖြစ်ပါသည်။

၁၁။ ပြိုင်ပွဲဝင်ပုံတိုင်း၏ နောက်ကြောတွင် **အမည်၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးထားသည့် ခံဝန်ချက်ပြည့်စုံစွာ ရေးထားသော စာရွက်များကို** တိပ်ဖြင့် သေချာစွာ ကပ်ပေးရမည်။ ပြိုင်ပွဲပုံ၏ နောက်ကြောတွင် မည်သည့် အမှတ်အသားမှ မပါရှိစေရ။ ပုံတွင်လည်း ရေစာအမှတ်အသား မပါစေရ။

၁၂။ ဆုရွေးချယ်ခံထားရသော ဆုရပုံများအား ကန့်ကွက်လိုပါက ပြိုင်ပွဲစိစစ်ရေးကော်မတီသို့ ဆုရွေးချယ်ထုတ်ပြန်ပြီးအတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူဘက်မှ မှန်ကန်ပါက ဆုစာရင်းပယ်ဖျက်မည်။ ဆုရရှိသူဘက်မှ မှန်ကန်ပါက ဆုကို ဆက်လက်အတည်ပြုမည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ၂၀၂၆ ခုနှစ် 'ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ' ဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မဟာသင်္ကြန်တွင် "ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ"ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများထိုက်တန်စွာ ချီးမြှင့်ပါမည်။

**ပြိုင်ပွဲစည်းကမ်းချက်များ**

၁။ ၁၀ လက်မ × ၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

၂။ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူအမည် တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိပါက ဆုစာရင်းကိုပယ်ဖျက်မည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ်၊ သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ ပုံဟောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရပါ။

၄။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာ တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာ ပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုကို ပြန်လည်ရုပ်သိမ်းမည်။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအား ထိုက်တန်စွာ ချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအနက် တစ်ဆုသာ ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုမည်။

၇။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူး၍ ယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, GoPro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ရိုက်ကူးထားသည့် မူရင်းဖိုင် Print File တို့ကို CD ဖြင့် တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)၊ (နံနက် ၁၀း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအတွင်း)မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးခန်းသို့ ပေးပို့ရပါမည်။

၉။ ဓာတ်ပုံဆု ရွေးချယ်ခြင်းကို (၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၁၀း၀၀ နာရီ) တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်။

၁၀။ ဓာတ်ပုံဆုချီးမြှင့်ခြင်း အခမ်းအနားကို (၂၄-၄-၂၀၂၆)ရက်၊ (သောကြာနေ့) နံနက် (၁၀း၀၀နာရီ)တွင် ကျင်းပမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ဆုရရှိသူများအား အချိန်မီ အကြောင်းကြားပေးပါမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရှင်အဋ္ဌဂေါဏဘုရား တည်ဆောက်ပုံ ဗိသုကာပညာနှင့် နံရံပန်းချီများကို လေ့လာနိုင်

**ညောင်ဦး ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ခရီးသွားဘုရားဖူး လေ့လာရေးရောက်ရှိခဲ့ပါက မင်းနန်သူကျေးရွာအနီးရှိ ရှင်အဋ္ဌဂေါဏဘုရား တည်ဆောက်ပုံ နံရံပန်းချီများနှင့် ကျောက်စက်ပန်းဆွဲများကို လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ တာဝန်ရှိသူများထံက သိရသည်။

ဘုရားဘွဲ့အမည်မှာ ပုဂံခေတ်တွင် ထင်ရှားသော ရဟန်းကြီးတစ်ပါး၏ အမည်ဖြစ်ပြီး ထိုရဟန်းကြီးသည် ပြည်သူ၊ ပြည်သားများအား ချမ်းသာကြွယ်ဝလာစေရန် ကူညီစောင့်ရှောက်ပေးခဲ့ကြောင်း၊ ရှင်အဋ္ဌဂေါဏဘုရားဟု ဘွဲ့အမည်ပေးခဲ့ပုံမှာ ဘုရားဝင်းအတွင်း အဂ္ဂိရတ်ထိုးရာတွင် အသုံးပြုခဲ့သော လုံ၊ မီးသွေးခဲများနှင့် ပြာများ တွေ့ရှိရသောကြောင့် ရှင်အဋ္ဌဂေါဏဘုရားဟု အမည်ပေးခဲ့သည်။ ရှင်အဋ္ဌဂေါဏဘုရား၏ ရာဇဝင်ကို အတိအကျ မသိရှိရသော်လည်း ဘုရားတည်ဆောက်ပုံ၊ ဗိသုကာပညာမှာ အလွန်ထူးခြားကောင်းမွန်ကြောင်း လေ့လာနိုင်သည်။ ဘုရားကို အောက်ခြေခုံမြင့်ပေါ်တွင် တည်ဆောက်ထားပြီး ဘုရားတည်ဆောက်ပုံမှာ အလယ်တိုင်မပါဝင်ဘဲ နံရံလေးဘက်မှ အမိုးများကို စုကာပေါင်း မိုးခုံးပုံသဏ္ဌာန် တည်ဆောက်ထားသည်။ အလယ်တိုင်မပါဝင်သော တည်ဆောက်မှုပုံစံသည် ပုဂံခေတ်ကာလ တည်ဆောက်ရေး၏ နည်းပညာကျွမ်းကျင်မှုကို တွေ့ရှိလေ့လာနိုင်သည်။ အေဒီ ၁၂ ရာစုနှောင်းပိုင်းတွင် တည်ဆောက်ခဲ့သည်ဟု ရှေးဟောင်းပညာရှင်များက ယူဆရကြောင်း၊ ဘုရားလိုဏ်အတွင်းပိုင်းတွင် နံရံပန်းချီများ အကြားမလပ်ရှိနေပြီး ဂြိုဟ်ကြီး ကိုးလုံးက ကမ္ဘာမြေအား လှည့်ပတ်ပုံ နံရံပန်းချီများပါရှိနေသည်။ အရှေ့ဘက်လှည့် မုခ်ပေါ်ဘုရားဖြစ်ကာ ပလ္လင်ပေါ်တွင် ထိုင်တော်မူ ဆင်းတုတော်ကိုလည်း သပ္ပာယ်စွာ ဖူးမြော်နိုင်သည်။

ရှင်အဋ္ဌဂေါဏဘုရားအား ဖူးမြော်ပြီး တဆက်တစ်စပ်တည်း အနောက်ဘက်တွင် ဝိနည်းခုံရုံဘုရားစု၊ တောင်ဘက်တွင် မင်းနန်သူ ဘုရားသုံးဆူ၊ သမ္ဗူလဘုရား၊ နရသီဟပတေ့ဘုရားနှင့် လေးမျက်နှာ ဆုတောင်းပြည့်ဘုရားတို့ကို ဖူးမြော်နိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၁)**



# ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာအတာသင်္ကြန်



သင်္ကြန်ဟူသောဝေါဟာရသည် ပါဠိဘာသာ 'သင်္ကန္တ'နှင့် သက္ကတဘာသာ 'သင်္ကြန္တ'မှ ဆင်းသက်လာပြီး 'ကူးပြောင်းခြင်း'ဟူ၍ အဓိပ္ပာယ်ရသည်။ မြန်မာပြက္ခဒိန်၏ နောက်ဆုံးလဖြစ်သော တန်ခူးလတွင် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသည့် အထိမ်းအမှတ်အဖြစ်ကျင်းပသော ပွဲတော်တစ်ခု ဖြစ်ပါသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၅ရက်တွင် ယူနက်စကို (UNESCO)က ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ထည့်သွင်းသတ်မှတ်ခဲ့သည်။

**ဒဏ္ဍာရီလာအယူအဆ**

သိကြားမင်းနှင့် ဗြဟ္မာမင်းတို့ အလောင်းအစားပြုရာတွင် ဗြဟ္မာမင်းရှုံး၍ ဦးခေါင်းဖြတ်ခြင်းခံရသည်။ ထိုဦးခေါင်းကြီး မြေသို့ကျလျှင် မီးလောင်မည်၊ ရေထဲကျလျှင် ပင်လယ်ခန်းမည်ဖြစ်သောကြောင့် နတ်သမီး ခုနစ်ဖော်က တစ်ဦးလျှင် တစ်နှစ်စီ အလှည့်ကျထိန်းသိမ်းရသည်။ တစ်ဦးမှ တစ်ဦးသို့ အလွှဲအပြောင်းပြုလုပ်သည့်အချိန်ကို 'သင်္ကြန်' ဟု သတ်မှတ်သည်ဟုဆိုသည်။

**နက္ခတ်ဗေဒင်ဆိုင်ရာ အယူအဆ**

သူရိယသိဒ္ဓန္တကျမ်းအလိုအရ မိဿရာသီမှစတင်သော နေမင်း၏ လှည့်ပတ်မှုလမ်းကြောင်းတွင် တစ်ပတ်ပြည့်၍ မိန်ရာသီမှ မိဿရာသီသို့ ပြန်လည်ဝင်ရောက်သည့်အချိန်ကို သင်္ကြန်ကျသည်ဟု သတ်မှတ်သည်။နေသွားလမ်းနှင့် ရာသီခွင်တို့အပေါ်မူတည်၍ တွက်ချက်ခြင်းဖြစ်သည်။ သင်္ကြန်ပွဲတော်ကို အစဉ်အလာအရ အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့ဟူ၍ သတ်မှတ်ကျင်းပကြသည်။

**ရေပက်ဖျန်းခြင်း**

နှစ်ဟောင်းမှ အညစ်အကြေးများ စင်ကြယ်စေရန်နှင့် နှစ်သစ်တွင် အေးချမ်းစေရန် ရည်ရွယ်၍ တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းကြသည်။ ရှေးယခင်က သပြေခက်ဖြင့် ရေပက်ကြသော်လည်း ယခုအခါ ရေပြောင်း၊ ရေသေနတ်များနှင့် မဏ္ဍပ်များဖြင့် လမ်းလျှောက်သင်္ကြန်ပွဲများကို စည်ကားစွာ ဆင်နွှဲကြလျက်ရှိပါသည်။

**ကုသိုလ်ပြုခြင်း**

လူကြီးမိဘများကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်း ညှပ်ပေးခြင်း၊ ငါးလွှတ်ခြင်းနှင့် မုန့်လုံးရေပေါ် ကျွေးမွေးခြင်း(စတုဒိသာ) တို့ကို ပြုလုပ်ကြသည်။

**ဘာသာရေးဓလေ့**

ဘုရားကျောင်းကန်များတွင် သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့် ငြိမ်းချမ်းစွာ ဖြတ်သန်းသူများလည်းရှိသည်။ သင်္ကြန်ပွဲတော်ကို အစဉ်အလာအရ အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့ဟူ၍ သတ်မှတ်ကျင်းပကြသည်။

သင်္ကြန်ဆိုသည်မှာ ရေပက်ကစားကြသည့် ပွဲတော်ကြီးတစ်ခုဟုသာ အများသိကြသော်လည်း တကယ်တမ်းတွင်မူ သင်္ကြန်သည် ရေပက်ကစားတာထက် ပိုမိုနက်ရှိုင်းသည့် ယဉ်ကျေးမှုဓလေ့များနှင့် သမိုင်းကြောင်းများစွာရှိနေပါသည်။ သင်္ကြန်ကာလတွင် အတာအိုးကိုလည်း တွေ့မြင်ရလေ့ရှိပါသည်။ အတာဆိုသည်မှာ နှစ်ဟောင်းကုန်ဆုံးချိန်၊ အကျပိုင်းကာလကိုဆိုလိုပြီး အတာအိုးဆိုသည်မှာ နှစ်သစ်ကို ကြိုဆိုသည့် အနေဖြင့် စိတ်ကောင်း၊ကိုယ်ကောင်း၊မေတ္တာတရားကောင်းများထားရှိရန် သင်္ကေတပြုထားခြင်းဖြစ်သည်ဟု ယုံကြည်ကြပါသည်။ အတာအိုးထဲမှာ ၇ ရက်သား၊ သမီးများကို ကိုယ်စားပြုသည့် အတာပန်းလေးများကို ထည့်သွင်းထားလေ့ရှိပါသည်။

| | | |
|---|---|---|
| တနင်္ဂနွေ | - | အုန်းရွက်၊ ဩဇာရွက် |
| တနင်္လာ | - | ကံ့ကော်ပန်း၊ ခရေ |
| အင်္ဂါ | - | ဆီးရွက် |
| ဗုဒ္ဓဟူး | - | ရွက်လှ၊ ရေတမာ |
| ကြာသပတေး | - | မြေဇာ၊ မာလကာရွက် |
| သောကြာ | - | သပြေပန်း |
| စနေ | - | တမာရွက်၊ ဒန်းပန်း |

သင်္ကြန်လေးရက်လုံး အတာအိုးနှင့် ကြိုဆိုပြီးသည့်နောက် နှစ်ဆန်း (၁)ရက်နေ့ ရောက်လျှင် အဆိုပါအတာအိုးထဲကို သဲဖြူနှင့်ချည်ကြိုးများ ထပ်ဖြည့်ပြီး ပရိတ်ရွတ်ကြပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် အတာအိုးမှနေ၍ အန္တရာယ်ကင်းပရိတ်အိုးအဖြစ် အသွင်ပြောင်းလိုက်ခြင်းပင်ဖြစ်ပါသည်။ ထို့နောက် အိမ်ပတ်ပတ်လည်တွင် ပရိတ်ပန်းနှင့် ပရိတ်သဲများကိုဖျန်းပြီး ဘေးအန္တရာယ်ကင်းအောင် ဆောင်ရွက်ကြခြင်းဖြင့် အန္တရာယ်များကင်းဝေးစေသည်ဟု ယုံကြည်ကြပါသည်။

**ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် သတ်မှတ်ခံရခြင်း**

ပါရာဂွေးနိုင်ငံ၊ အာဆွန်စီယွန်မြို့တော်၌ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် အစိုးရချင်းဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီအစည်းအဝေးသို့ ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ပါဝင်တက်ရောက်ခဲ့ပါသည်။ ယင်းအစည်းအဝေး၌ မြန်မာနိုင်ငံမှ တင်သွင်းသည့် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အောင်မြင်စွာ ထည့်သွင်းနိုင်ခဲ့ပါသည်။ မြန်မာအမြဲတမ်းကိုယ်စားလှယ်က မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ ထည့်သွင်းနိုင်ခြင်းမှာ မြန်မာနိုင်ငံရှိ သက်ဆိုင်သူအားလုံးနှင့် လူမှုအသိုက်အဝန်း အားလုံးတို့မှ တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် (၁၉) ကြိမ်မြောက် အစိုးရချင်းဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအစည်းအဝေး၌ မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ အောင်မြင်စွာ ထည့်သွင်းနိုင်ရေးအတွက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကော်မတီအဖွဲ့ဝင်များ၊ ၂၀၀၃ ခုနှစ် ကွန်ဗင်းရှင်းဆိုင်ရာ အတွင်းရေးမှူးနှင့် အတွင်းရေးမှူးရုံးအဖွဲ့၊ အကြဲပေးကော်မတီအဖွဲ့များ၏ ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းလည်း ပြောကြားခဲ့ပါသည်။ အတာသင်္ကြန်ပွဲတော်သည် မြန်မာနိုင်ငံ၌ အသိအမှတ်ပြုခံရဆုံးနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆင်နွှဲမှုအရှိဆုံး ပွဲတော်များအနက် တစ်ခုဖြစ်ပြီး နှစ်စဉ်ဧပြီလလယ်ခန့်တွင် နိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားပြည်သူအားလုံးတို့ ပါဝင်ဆင်နွှဲလေ့ရှိကြကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များစာရင်း၌ ပထမဦးဆုံး မှတ်တမ်းတင်ခဲ့သော်လည်း အတာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ အစောပိုင်းဖော်ပြမှုများမှာ ပုဂံခေတ်(အေဒီ ၁၁ ရာစု)ကတည်းမှ ဖြစ်ကြောင်း၊ အတာသင်္ကြန်သည် မြန်မာ့နှစ်သစ်ကို ကြိုဆိုသည့်အနေဖြင့် အချင်းချင်း ရေပက်ဖျန်းကာ ဆင်နွှဲသည့် ပွဲတော်တစ်ရပ်ဖြစ်ပြီး ရေဖြင့်သန့်စင်ခြင်းမှတစ်ဆင့် ကံကောင်းခြင်းများကို ယူဆောင်လာသည်ဟု သက်ဝင်ယုံကြည်ကြကြောင်း၊ အတာသင်္ကြန်ပွဲတော်ကာလအတွင်း ဘုရားဆင်းတုတော်များကို ရေသပ္ပာယ်ကြခြင်း၊ မြန်မာ့ရိုးရာသင်္ကြန်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ဇီဝိတဒါနအဖြစ် တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်းနှင့် ကုသိုလ်ကောင်းမှုပြုခြင်း စသည်တို့ကို လုပ်ဆောင်လေ့ရှိကြကြောင်း၊ မြို့ရွာအနှံ့အပြား၌ မဏ္ဍပ်များ၊ စင်မြင့်များထိုးကာ ရိုးရာယဉ်ကျေးမှုနှင့်အညီ ကပြဖျော်ဖြေပွဲများ တင်ဆက်လေ့ရှိကြကြောင်း၊ သင်္ကြန်ပွဲတော်သည် နိုင်ငံတကာမှ ဧည့်သည်များကိုလည်း ဆွဲဆောင်လေ့ရှိပြီး မြန်မာနိုင်ငံရှိ ကြွယ်ဝသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းများကို တစေ့တစောင်းလေ့လာခွင့်ရှိသည့် ရိုးရာပွဲတော်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ မြန်မာအမြဲတမ်းကိုယ်စားလှယ်က မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်မှာ ယခင်နှစ်ပေါင်းများစွာ အစဉ်အဆက် လက်ဆင့်ကမ်းလာခဲ့ကြသည့်နည်းတူ နောင်လာနောက်သားတို့အတွက် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် နောင်နှစ်ပေါင်းထောင်ပေါင်းများစွာ ဆက်လက်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါသည်။

**သင်္ကြန်ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းချုပ်**

သင်္ကြန်ဆိုသည်မှာ တပေါင်းလတွင် မြန်မာနှစ်တစ်နှစ်ကုန်ဆုံးကာ နှစ်ဟောင်းကုန်၍ တန်ခူးလတွင် နှစ်သစ်ကြုံရသောကာလ၊ နှစ်သစ်ကူးပြောင်းသောကာလဟု ဆိုလိုရင်းဖြစ်သည်။ နွေရာသီ၏ အပူဒဏ်ကို သင်္ကြန်ရေဖြင့် အေးမြစေသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသစ်လွင် တောက်ပသန့်စင်လာစေသည်။ သို့ဖြင့် မည်သည့်အရာကူးပြောင်းသည်ကို ရှာဖွေလေ့လာကြည့်သောအခါ ဇာတ်လမ်းနှစ်မျိုးတွေ့ရှိရသည်။ တစ်ခုမှာ ဟိန္ဒူအယူဝါဒမှ ဆင်းသက်၍ ကျန်တစ်ခုမှာ နေနှင့်ကမ္ဘာလည်ပတ်ရာမှ ဆင်းသက်လာသည်။

ဟိန္ဒူအယူဝါဒမှ ဆင်းသက်လာသော ရာဇဝင်အရ သိကြားမင်းနှင့် ဗြဟ္မာမင်းကြီး(Arsi)အငြင်းပွားကြရာ သိကြားမင်းနိုင်သဖြင့် ဗြဟ္မာမင်းကြီး၏ ဦးခေါင်းကို ရခဲ့သည်။ ဗြဟ္မာမင်းကြီးမှာ တန်ခိုးကြီးလှသဖြင့် ထိုဦးခေါင်းကြီးကို ပင်လယ်ထဲပစ်ချလျှင် ရေခန်းမည်ဖြစ်ပြီး မြေကြီးမှာထားလျှင် မီးလောင်ပျက်စီးကြမည်ဖြစ်သည်။ လေထဲကို ပစ်လျှင်လည်း သတ္တဝါအားလုံး မီးလောင်ကြမည်ဖြစ်သဖြင့် သိကြားမင်းက မည်သည့်နေရာတွင်မှ မထားလိုဘဲ လက်ထဲ၌သာ ကိုင်ထားရလေသည်။ နောက်ပိုင်းတွင် တန်ခိုးကြီးသော နတ်မင်းကြီးများကို တာဝန်လွှဲပြီး တစ်နှစ်လျှင် နတ်မင်းတစ်ပါးက ဦးခေါင်းကြီးကို ထိန်းသိမ်းထားရန် မိန့်ဆိုသည်။ ဦးခေါင်းကြီးကို တစ်ဦးလက်မှတစ်ဦးလွှဲမည့် အချိန့်အတိအကျကို ပုဏ္ဏားတို့က တွက်ချက်ဖော်ထုတ်ကြပြီး ထိုအကူးအပြောင်းကာလကို သင်္ကန္တအခါဟု ဆိုကြသည်။

နှစ်တစ်နှစ်ပြည့်သည်ဟုလည်း သတ်မှတ်သည်။ ထိုကာလ၌ သိကြားမင်းသည် လူ့ပြည်တွင် ကောင်းမှုကုသိုလ်ထွန်းကားရန်နှင့် ဗုဒ္ဓသာသနာပြန့်ပွားရန်အတွက် လူ့ပြည်ဆင်းကာ ဆောင်ရွက်လေ့ရှိသည်။ မှတ်တမ်းများကို မှတ်သားသည်ဟုလည်း ဆိုသည်။ ကောင်းသူများကို ရွှေပေလွှာတွင် ရေးမှတ်ပြီး မကောင်းသူများကို ခွေးသားရေတွင် ရေးမှတ်သည်။ (သေခါနီးစိတ်၊ ခန္ဓာငါးပါးချုပ်ပုံ၊ အကုသိုလ်သဘောနှင့် ငရဲ၊ယမမင်းစသည့် အကြောင်းများကို ဘုရားရှင်က အဘိဓာသုတ်တွင် ဟောကြားခဲ့ပြီးဖြစ်သဖြင့် ဗုဒ္ဓဘာသာကျမ်းဂန်များအရ ထိုသို့ရေးမှတ်သည်ဆိုသည်မှာ မည်သို့မျှ အကျိုးအကြောင်းဆီလျော်မှု မရှိပေ။ ဆိုလိုသည်မှာ သိကြားမင်းက မည်သို့မျှ အရေးမပါပါ၊ သတ္တဝါတိုင်းသည် မိမိကံနှင့် မိမိသာဖြစ်သည်ဟုဆိုလိုရင်း ဖြစ်ပါသည်။) ထို့အပြင် ဘုရားရှင်များ လက်ထက်ကပင် နတ်နှင့် သိကြားတို့သည် တရားနာလိုလျှင် ညသန်းခေါင်ကျော် လူသူကင်းရှင်းချိန်မှသာ လာလေ့ရှိသည့် သာဓကများရှိပေသည်။ မင်္ဂလသုတ်၊သက္ကပဉှာသုတ၊ အာနာပါနသုတ် စသည်တို့မှာ ညအချိန်တွင် ဟောကြားခဲ့သည့် သုတ်များဖြစ်ပေသည်။ အကြောင်းမှာ လူတို့၏ ဝမ်းထဲမှ အစာဟောင်းအနံ့ကို နတ်တို့က မခံနိုင်သောကြောင့် ဖြစ်သည်ဟု ဆိုပါသည်။ ထို့ကြောင့် သင်္ကြန်တွင် သိကြားမင်းက လူတို့အကြား ဆင်းသည်ဟူသော အပြောမှာ ဗုဒ္ဓဘာသာအရ လုံးဝမဖြစ်နိုင်ပေ။ မည်သို့ဆိုစေကာမူ အထက်ပါ ဇာတ်လမ်းအရဆိုလျှင် သိကြားမင်းဆင်းသည် ဆိုသော်ငြားလည်း ရေလောင်းခြင်းအမှုမှာ မပါဝင်သေးပေ။ နောက်ပိုင်းကာလများမှသာ နှစ်သစ်ကို အေးချမ်းစွာ ကြိုဆိုသည့်သဘောဖြင့် ရေပက်ခြင်း၊ရေလောင်းခြင်းဖြင့် ကစားလာကြခြင်းဖြစ်သည်။ သို့ဖြင့် ကာလရှည်ကြာလာသောအခါ သင်္ကြန်၊ သိကြားမင်းနှင့် ရေပက်ခြင်းတို့မှာ ဇာတ်လမ်းအားဖြင့် တစ်သားတည်းဖြစ်လာတော့သည်။**(ဆက်လက်ဖော်ပြပါမည်။)**

**မောင်မောင်စွယ်စုံထွန်း**



# လမ်းလျှောက်သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ပင်လုံ ဧပြီ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့၌ ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၄ ရက်မှ ၁၆ ရက်အထိ လမ်းလျှောက်သင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်သည်။

ယခုနှစ်အခါတွင် ပင်လုံမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လမ်းလျှောက်သင်္ကြန်အတွက် လျှောက်လမ်းများတည်ဆောက်ခြင်း၊ ဖျော်ဖြေရေးအစီအစဉ်အတွက် ဆောင်ရွက်ခြင်း၊ ဖွင့်ပွဲအတွက်ပြုလုပ်ဆောင်ရွက်ခြင်း၊ ရေကစားစင်များ ဆောင်ရွက်ခြင်း၊ စတုဒိသာများ ကျွေးမွေးဧည့်ခံခြင်း၊ ပိတ်ပွဲပြုလုပ်ဆောင်ရွက်ခြင်းနှင့် နှစ်ဆန်း ၁ရက်တွင် ပရိတ်တရားတော်နာယူခြင်း၊ သက်ကြီးဘိုးဘွားပူဇော်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ပင်လုံမြို့ရှိ အထင်ကရ ရတနာကန်တော်ရှေ့ တစ်လျှောက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ယိမ်းအဖွဲ့များ အလှည့်ကျ ဖျော်ဖြေဆောင်ရွက်သွားမည်ဖြစ်ရာ၊ ပင်လုံမြို့ရှိ ယိမ်းအဖွဲ့လူပျိုဖြူများမှ မြန်မာ့ရိုးရာသင်္ကြန်တွင် ညီညာစွာဖျော်ဖြေနိုင်ရေးအတွက် ယိမ်းအကများ လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)






# နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်ပေး

ကန့်ဘလူ ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးလေးဆွေနှင့် ဝန်ထမ်းများက ဧပြီ ၆ ရက် နံနက်က အမှတ်(၂)ရပ်ကွက်၌ အသက် ၁၀ နှစ်မှ ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးတို့က လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျန်ရပ်ကွက်များတွင်လည်း ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် နောင်ချိုမြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီများနှင့် ဈေးသူ၊ ဈေးသားများ ပူးပေါင်း၍ ယမန်နေ့က နောင်ချိုမြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြအနေဖြင့် စာတတ်တိုက်လေ့ကျင့်နေမှုများ ဆောင်ရွက်စဉ်။ (ကဆ)






## ဂိမာန်နှစ်ဦး ရွှင်မြူးသင်္ကြန်

* ဂိမာန်နှစ်ဦး ရွှင်မြူးကြရာ။
အတာရေနန်း ပက်ဖျန်းပျော်လို့သာ။
မြန်မာရိုးရာ စဉ်လာမယွင်း
မေတ္တာရေဆောင် ဤလူ့ဘောင်
ကျွမ်းလောင်သောက ကင်းသည်နှင့်လေး။ ။
* မိဘဘိုးဘွား သင်ကြားဆရာ။
ထိပ်မှာဦးထား လေးစားကြသည်မှာ။
ယုက်မိုးဆယ်ဖြာ ပူဇာဝပ်တွား
ပြစ်မှားလွန်မိ အပြစ်ရှိ
လွန်သည့်ပြစ်များ တားသည်နှင့်လေး။ ။
* ခုခါနှစ်ဟောင်း ရွှေပြောင်းချိန်ခါ။
မြတ်စွာဗုဒ္ဓ ဆုံးမမိန့်ညွှန်မှာ။
နဝကိုးဖြာ စောင့်ပါသီလ
သင်္ကြန်ခါတွင်း ကုသိုလ်ချဉ်း
စောင့်ခြင်းဥပုသ် ရသည်နှင့်လေး။ ။
* မေတ္တာကူးလူး တန်ခူးချိန်ခါ။
ပြောင်းလာနှစ်ဦး ယုက်ပူးကုသိုလ်ရှာ။
မြန်မာရိုးရာ စဉ်လာဓလေ့
ထိန်းသိမ်းကာလ စောင့်ရှောက်ပေ
မြန်ပြေ(ပြည်)အလှ တွေ့သည်နှင့်လေး။ ။
* နှစ်သစ်မင်္ဂလာ သင်္ကြန်ခါ မကွာနွေည ပျော်ကြသည်။
* မြန်မာ့ရိုးရာ ထိန်းသိမ်းကာ မြဲသာစဉ်ပ စောင့်ရှောက်သည်။

ပန်းသစ္စာ(ပုသိမ်ကြီး)

# အပူဒဏ်ကြောင့်ဖြစ်တတ်သောရောဂါများအတွက် ကုသပေးမည့်နေရာ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိ

မြစ်သား ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ ပြည်သူ့ဆေးရုံတွင် ဧပြီ ၄ ရက်က စတင်ပြီး အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများအတွက် လာရောက်ပြသသည့် လူနာများ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကုသပေးမည့်နေရာအား ကြိုတင်စီစဉ်ထားလျက်ရှိသည်။

အပူဒဏ်ကြောင့် ဖြစ်တတ်သောရောဂါများအတွက် ကြိုတင်စီစဉ်ထားရှိမှုနှင့်ပတ်သက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနေအောင်စိုးက "ယခုအခါ ပူပြင်းသည့်နွေရာသီကာလသို့ရောက်ရှိနေပြီဖြစ်သဖြင့် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှုအများဆုံး တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သောရောဂါများဖြင့် ပြည်သူ့ဆေးရုံသို့လာရောက်ပြသသောလူနာများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ ကျွန်တော်တို့ မြစ်သားမြို့ ပြည်သူ့ဆေးရုံမှာလည်း လူနာများလက်ခံကုသပေးမည့်နေရာကို ကြိုတင်စီစဉ်ထားရှိခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားရှိခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိစေရေးအတွက် အပူဒဏ်အန္တရာယ် လူနာများ အရေးပေါ်ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်းလမ်းညွှန်နှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများဆောင်ရွက်ခြင်း အပါအဝင် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးအတွက် လုပ်ငန်းများအား အချိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း" ပြောကြားသည်။

မြစ်သားမြို့ ပြည်သူ့ဆေးရုံ၌ အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သောရောဂါများ လာရောက်ပြသ ကုသရန်အတွက် လူနာ ၁၀ ဦးစာ ကြိုတင်ပြင်ဆင်ထားပြီး လူနာများ ပိုမိုများပြားလာပါက ဆက်လက်ကုသနိုင်ရေး ပြင်ဆင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

ဝါဝါမြင့်(မြစ်သား)

*-*-*-*-*-*

တံတားနှင့် လမ်း၊
ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်
သစ်ပင်ရုံမှ
သဏ္ဍာန်လှပ
ပန်းရလိမ့်။



# တာချီလိတ်မြို့၌ စူဠဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပ




**တာချီလိတ် ဧပြီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ၂၀၂၅ ခုနှစ်၊ အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ အောင်မြင်သူ လူပုဂ္ဂိုလ်တို့အား ဘွဲ့လက်မှတ်၊ အောင်လက်မှတ်နှင့် စာအောင်ဆုတော်ငွေများ ဆက်ကပ်လှူဒါန်း ဂုဏ်ပြုပူဇော်သည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီက မကာဟိုခမ်းရပ်ကွက်ရှိ မြို့နယ်ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မဟာဂန္ဓာရုံရွှေစေတီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမင်္ဂလထံမှ ငါးပါးသီလခံယူ ဆောက်တည်ကာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဓမ္မ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) (သာသနတက္ကသီလဓမ္မာစရိယ B.A Buddhism , M.A သီရိလင်္ကာ)ထံမှ ဩဝါဒကထာနာယူကြည်ညိုပြီး ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေက သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြသည်။

ထို့နောက် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်းနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ်၊ အစိုးရပါဠိပထမပြန်စာမေးပွဲစာအောင်သံဃာ ၁၅ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်မြင်သူ လူပုဂ္ဂိုလ် ၂၈ ဦးတို့အား ဘွဲ့တံဆိပ်တော်များ၊ အောင်လက်မှတ်နှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေ၍ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**



# အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏာဝိသိဋ္ဌ ပူဇော်ပွဲ ကျင်းပ

**သရက် ဧပြီ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ဘဒ္ဒန္တကေသဝမဟာထေရ်၏ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဂုဏာဝိသိဋ္ဌ ပူဇော်ပွဲ အခမ်းအနားကျင်းပခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ထုံးထောင်ကျေးရွာအုပ်စုဘာဝနာကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်အစိုးရမှ ချီးမြှင့်ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကေသဝ အရှင်သူမြတ်အား ထေရဝါသစ်ကျောင်းပေါ်မှ ဤမဏ္ဍာလမာလာ မင်္ဂလာမဏ္ဍပ်အတွင်းသို့ ပင့်ဆောင်ပေးခဲ့ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ မြင်းကျောင်းဆရာတော် ဘဒ္ဒန္တသစ္စာနန္ဒထံမှ ငါးပါးသီလဆောက်တည်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်အစိုးရမှ ချီးမြှင့်ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပေးခဲ့သည်။ ဆက်လက်၍ ပခုက္ကူခရိုင် သာသနာရေးဦးစီးအရာရှိ ဦးမြင့်ကျော်ကျော် ရေးသားပူဇော်အပ်သော ထေရုပ္ပတ္တိအကျဉ်း ရတုပိုဒ်စုံအား မစိုးရိမ်ကျောင်းဆရာတော် အရှင်သုဒဿနက ရွတ်ဖတ်ပူဇော်ပေးခဲ့သည်။ နိုင်ငံတော်အစိုးရမှ ချီးမြှင့်ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကေသဝ အရှင်သူမြတ်၏ ထေရုပ္ပတ္တိအကျဉ်း ရှစ်လုံးဘွဲ့ကဗျာများကို နတ်မီးတောက်ကျေးရွာ ပုညကာရီ ဝတ်အသင်းမှ ရွတ်ဖတ်ပူဇော်ပေးခဲ့သည်။ ဆက်လက်၍ လှူဒါန်းမှု အစုစုအတွက် သရက်မြို့နယ် သံဃနာယကအဖွဲ့ မြခဲတောင်ဆရာတော် ဘဒ္ဒန္တသီလဝံသက ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

# အခြေခံယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပ



**မကွေး ဧပြီ ၇**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကန်သာရပ်ကွက်ရှိ အောင်မြေရတနာတိုက်ကျောင်းတွင် ဘဒ္ဒန္တဣန္ဒဝံသနှင့် ဘဒ္ဒန္တနန္ဒဝံသတို့က ကြီးမှူးဖွင့်လှစ်သော နွေရာသီ ကျောင်းပိတ်ရက်အားလပ်ချိန်များ၌ ကလေးသူငယ်များ ယဉ်ကျေးလိမ္မာပြီး ဗုဒ္ဓဝင်ကို သိရှိစေပြီး တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပခဲ့သည်။

ကလေးသူငယ်များ ပြင်ပဗဟုသုတများ ရရှိစေရန်၊ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်သည့် ကလေးသူငယ်များဖြစ်လာစေရန်၊ ဆရာ၊မိဘနှင့် သက်ကြီးသူများအား ရိုသေကိုင်းရှိုင်းတတ်စေရန် အခြေခံဖြစ်သည့် ဩကာသ ခင်ပွန်းကြီး ၁၀ ပါး ကန်တော့နည်း၊ ငါးပါးသီလတည်ဆောက်ပုံ၊ ဂုဏ်တော် ကိုးပါး၊ ပုတီးစိပ်ခြင်းအကျိုး ကျေးဇူးများကို ဆရာတော်ကြီးများမှ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဆန်းစစ်ချက်စာမေးပွဲများ ဖြေဆိုကာ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့သည်။

အဆိုပါသင်တန်းကို မကွေးမြို့ပေါ်ရှိ ရပ်ကွက်များမှ ကျောင်းသား၊ ကျောင်းသူ၊ ကလေးငယ်စုစုပေါင်း ၁၅၀ ဦး တက်ရောက်လာပြီး သင်တန်းကို မတ် ၁ ရက်မှ ဧပြီ ၅ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဆရာတော်ကြီးမှ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

# ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဧပြီ ၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး ဦးထွန်းကျော်(ခ)ကိုပေါက်အား ရည်စူး၍ မန္တလေးမြို့နေ အလှူရှင် (ဇနီး)ဒေါ်ဆွေဆွေဖြူ၊ (သမီး)မဖြူစင်ထွန်းကျော်၊ (သား)မောင်မင်းခန့်ထွန်းကျော်၊ မောင်မင်းသန့်ထွန်းကျော် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၃ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးလှက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**(အောက်ပုံ)**

**PNT**



# YEC ရတနာပန်းခင်း ပရဟိတ မိဘမဲ့ကျောင်းတွင် ရှင်အပါး ၇၀ ရှင်ပြုနားသ အလှူတော်မင်္ဂလာပွဲ ကျင်းပမည်

**မန္တလေး ဧပြီ ၇**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြောက်ဥယျာဉ်ရပ်ကွက်၊ အမှတ်(၂၅)ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း YEC ရတနာပန်းခင်းမိဘမဲ့ကျောင်းတွင် ဧပြီ ၁၀ ရက် နံနက် ၈ နာရီတွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အရှေ့စု(၄)လမ်းနေ ဦးအောင်စိုးဝင်း+ဒေါ်ဖြူဖြူဝင်း၊ (သား) မောင်အောင်မြတ်သူ၊ မောင်ဟိန်းမြတ်သူ၊ (သမီး)မအေမရာမြတ်သူ မိသားစုက ကိုကြီးပရဟိတနှင့် ခုနစ်ရက်သား၊ သမီးများ ပဋ္ဌသိခ်တေးဂီတအဖွဲ့နှင့် နိုင်ငံကျော်အနုပညာရှင်မိသားစုများတို့၏ ကောင်းမှုအဖြစ် ရှင်အပါး ၇၀ အား ရှင်ပြု၊ နားသအလှူတော်မင်္ဂလာကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရှင်ပြုနားသအလှူတော် မင်္ဂလာအခမ်းအနားတွင် ဘုရားအမှူးရှိသော သံဃာတော်များ ဆွမ်း၊ သင်္ကန်း၊ ဒါတဗ္ဗ အစုစုတို့ကို ဆက်လက်လှူဒါန်းပူဇော်မည်ဖြစ်၍ တရားတော်နာတက်ရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။

**(ဝ၇ဝ)**

# ရွှေသာလျောင်း ပေါင်းလဲဓမ္မဗိမာန်တော်ကြီးအတွက် ငွေလှူဒါန်း

**မန္တလေး ဧပြီ ၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ပိုင်း၊ ရွှေသာလျောင်းပေါင်းလဲ




ဓမ္မဗိမာန်တော်ကြီး ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည်ကို ပြန်လည်ပြုပြင်ရန်အတွက် ဂေါပကအဖွဲ့ရုံးခန်းသို့ လာရောက်လှူဒါန်းရာ အလှူရှင်မိသားစုများဖြစ်ကြသည့် အလှူရှင် ကိုဟန်လင်းဦး(ခ)ကိုအားချန်+မနန်းမြငွေး (ကျောက်စိမ်းအောင်-ကျောက်မျက်ကုမ္ပဏီ)မိသားစုတို့က အလှူငွေကျပ် သိန်း ၆၀ ကို ယမန်နေ့ နံနက်ပိုင်းက လှူဒါန်းရာ ဂေါပကဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ အတွင်းရေးမှူး ဦးမောင်မောင်(ရွှေလက်ရာ)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

ပေါင်းလဲရွှေသာလျောင်းဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း ၀၉-၄၀၂၆၃၅၃၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဝဲပုံ) (ကဆ)**

# ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၆)

စာရေးသူ မှတ်စုအလိုက် ထုတ်နုတ်ရေးသားနေသည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်သည် မှတ်စု(၅) အထိ ပြီးခဲ့သည်။ ယင်းမှတ်စု(၅)တွင် ဒီပင်္ကရာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူခြင်းနှင့် စေတီတည်ထားကိုးကွယ်ခြင်းကိုလည်းကောင်း၊ ဂေါတမဘုရားရှင်၏ ဒါနပါရမီဖြည့်ကျင့်တော်မူခြင်းကိုလည်းကောင်း ရေးသားပြီးဖြစ်ပါသည်။

ယခု မှတ်စု(၆)တွင် ကောဏ္ဍညဘုရားရှင် ဗုဒ္ဓဝင်နှင့် ဂေါတမဘုရားရှင်၏ သီလပါရမီ ဖြည့်ကျင့်တော်မူခြင်းကို ဆက်လက်ဖော်ပြပါမည်။

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် သုံးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက် (ဒီပင်္ကရာဘုရားရှင် ပွင့်တော်မူပြီး ကမ္ဘာတစ်အသင်္ချေနောက်)တွင် ဘုရားတစ်ဆူသာ ပွင့်တော်မူသည့် သာရကမ္ဘာ ပေါ်ပေါက်ခဲ့သည်။ ထိုသာရကမ္ဘာ၏ ဆုတ်ကပ်အနှစ်တစ်သိန်းတမ်းတွင် ကောဏ္ဍညဘုရားရှင် ပွင့်တော်မူခဲ့သည်။

**ကောဏ္ဍညဘုရားအလောင်း**
**ဖွားမြင်တော်မူခြင်းနှင့် ထီးနန်းစံတော်မူခြင်း**

ကောဏ္ဍည ဘုရားအလောင်းတော်သည် အလောင်းတော်တို့ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့၏ တောင်းပန်ချက်အရ နတ်ပြည်မှ စုတေကာ လူ့ပြည်ရမ္မာဝတီနေပြည်တော် သုနန္ဒမင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ သုဇာတာမိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လစေ့မြောက် ဖွားမြင်တော်မူစဉ် ကောဏ္ဍညအနွယ်ကို အစွဲပြု၍ "ကောဏ္ဍညမင်းသား"ဟု အမည်မှည့်ခေါ်ခဲ့ကြသည်။

အလောင်းတော်မင်းသား အရွယ်ရောက်သောအခါ နှစ်သက်ဖွယ်အဆင်းနှင့် တင့်တယ်သော ရုစိဒေဝီမင်းသမီးနှင့် ရွှေလက် စုံစံတော်မူခဲ့သည်။ နှစ်ပေါင်းတစ်သောင်းပတ်လုံး သုစိရွှေနန်းဆောင်၊ သုရုစိရွှေနန်းဆောင်၊ သုဘရွှေနန်းဆောင်ဟူသည့် နန်းပြာသာဒ် သုံးဆောင်ဝယ် မောင်းမမိဿံသုံးသိန်းတို့၏ ပြုစုမှုခံယူစံတော်မူခဲ့သည်။ အလောင်းတော်မင်းသား၏ သားတော်မှာ ဝိဇိတသေန မင်းသား ဖြစ်၏။

**တောထွက်တော်မူခြင်း**

အလောင်းတော် ထီးနန်းစိုးစံတော်မူရင်း ရုစိဒေဝီမိဖုရားကြီးမှ သားတော်ကို ဖွားမြင်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နတ်တမန် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့ပြီးဖြစ်၍ အာဇာနည် မြင်းကသောရထားကို စီးလျက် တောထွက်ရဟန်းပြုတော်မူခဲ့သည်။ တောထွက်စဉ် ဆယ်ကုဋေသောလူတို့သည် အလောင်းတော်ကို အတုလိုက်၍ ရဟန်းပြုတော်မူခဲ့ကြသည်။ အလောင်းတော်သည် ဆယ်လပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူခဲ့သည်။ ဆယ်လပြည့်မြောက် ကဆုန်လပြည့် ဘုရားဖြစ်အံ့သောနေ့တွင် သုနန္ဒရွာသူ ယသောဓရာသူဌေးသမီး လှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီး ထိုအရပ် အင်ကြင်းတောမှာပင် နေ့သန့်စင်တော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် အင်ကြင်းတောတွင် နေခိုတော်မူပြီး ညနေချမ်းချိန်ရောက်သောအခါ အခြွေအရံ ရဟန်းများကို စွန့်ခွာခဲ့ပြီး တစ်ပါးတည်း မဟာဗောဓိပင်ရှိရာသို့ ကြွတော်မူခဲ့၏။

လမ်းခရီး၌ သုနန္ဒာ တက္ကတွန်း လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူခဲ့ပြီး ကြောင်လျှာဗောဓိသို့ရောက်လျှင် သုံးကြိမ်လက်ယာရစ် လှည့်၍ အရှေ့အရပ်သို့ မျက်နှာမူကာ ကြောင်လျှာဗောဓိပင်ကို နောက်ကြောပြု ရပ်တော်မူကာ မြက်ရှစ်ဆုပ်ကို အဓိဋ္ဌာန်ပြုကြဲဖြန့်လေလျှင် ငါးဆယ့်ခုနစ်တောင်မြင့်သော အပရာဇိတပလ္လင်တော် ပေါ်ပေါက်ခဲ့၏။

အပရာဇိတပလ္လင်တော်ဝယ် ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်အားထုတ်တော်မူခဲ့ရာ ထိုနေ့ နေမဝင်မီ မာရ်စစ်သည် ဗိုလ်ပါတို့ကို အောင်မြင်တော်မူခဲ့သည်။

တစ်ဆက်တည်းပင် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်တို့ကို ရတော်မူခဲ့ပြီး မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံပဋိလုံ အစုန်အဆန် သုံးသပ်တော်မူပြီး အာနာပါန စတုတ္ထစျာန်ကို ဝင်စားတော်မူခဲ့၏။

ထိုဈာန်မှထပြီးလျှင် ခန္ဓာငါးပါးတို့ကို ဆင်ခြင်တော်မူလျှင် ထိုခန္ဓာငါးပါး၏ ဖြစ်ခြင်း၊ ပျက်ခြင်းနှင့် စပ်သော ငါးဆယ်သော လက္ခဏာတို့ကို အမြင်ရကာ ဂေါတြဘူဉာဏ်တိုင်အောင် ဝိပဿနာကို ပွားများတော်မူခဲ့၏။

နေအရုဏ်တက်သည်နှင့် အရဟတ္တမဂ်ဉာဏ်နှင့်တကွ အသာဓာရဏဉာဏ်စသော အလုံးစုံသော ဘုရားဂုဏ်တော်တို့ကို ထိုးထွင်းသိမြင်ကာ လောကသုံးပါး၌ အတုမရှိ ဘုရားအဖြစ် ရောက်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

ကောဏ္ဍညဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ဗောဓိပင်အနီးမှာပင် ခုနစ်ပါးသောဌာနတို့၌ ခုနစ်ရက်စီ ဖလသမာပတ်ချမ်းသာဖြင့် စံတော်မူခဲ့သည်။ ရှစ်ခုမြောက် သတ္တာဟ၌ တရားဟောရန် ဗြဟ္မာမင်းတောင်းပန်ခြင်းကို ဝန်ခံတော်မူပြီးလျှင် "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါမည်နည်း"ဟု စဉ်းစားဆင်ခြင်တော်မူခဲ့သည်။

ကိုယ်တော်မြတ်ကို အတုလိုက်၍ ရဟန်းပြုကြသော ဆယ်ကုဋေသော ရဟန်းတို့သည် ဗောဓိပင်မှ တစ်ဆယ့်ရှစ် ယူဇနာကွာဝေးသော အရန္ဓဝတီမြို့ နတ်သစ်ပင်တော၌ နေတော်မူကြသည်ကို မြင်တော်မူခဲ့၏။

ထိုအခါ ဘုရားရှင်သည် သပိတ်၊ သင်္ကန်းကို ယူဆောင်ကာ တန်ခိုးတော်ဖြင့် ထိုတောသို့ ကြွတော်မူလေသည်။ ရဟန်းတို့သည် ဘုရားရှင်ကို အဝေးမှပင်မြင်ကာ ကြည်ညိုလှစွာသော စိတ်ဖြင့် ခရီးဦးကြိုဆို၊ သပိတ်၊ သင်္ကန်းလှမ်းယူ၊ နေရာတော်ခင်း အရိုအသေပြုခြင်းတို့ကို ပြုလုပ်ကြသည်။ ထိုအခါ ဘုရားရှင်သည် ဆယ်ကုဋေသော ရဟန်းတို့အား ရှေးဘုရားရှင်တို့ ဟောမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။ တရားဒေသနာအဆုံး၌ ရဟန်းတော် ဆယ်ကုဋေနှင့် နတ်လူ ကုဋေတစ်သိန်းတို့ သစ္စာလေးပါးတရားသိကာ ကျွတ်တမ်းဝင်ခဲ့ကြသည်။

**ဂေါတမဘုရားလောင်း ဗျာဒိတ်ခံယူခြင်း**

ဂေါတမဘုရားအလောင်းတော်သည် ထိုအချိန်က ဝိဇိတာဝီမည်သော စကြာမင်းဖြစ်ခဲ့၍ စန္ဒဝတီပြည်၌ အုပ်စိုးနေခဲ့၏။ တိုင်းသူပြည်သားတို့ကို အပြစ်ဒဏ်ပေးခြင်း၊ လက်နက်ဖြင့် ဖိနှိပ်ခြင်းအလျဉ်း မရှိဘဲ တရားနှင့်ညီစွာ စကြဝဠာတိုက် တစ်ခုလုံးကို အုပ်စိုးခဲ့သည်။ ကောဏ္ဍညဘုရားရှင်သည် ရဟန္တာကုဋေတစ်သိန်း ခြံရံလျက် ဒေသစာရီကြွတော်မူစဉ် စန္ဒဝတီပြည်သို့ ရောက်တော်မူလာခဲ့သည်။ အလောင်းတော်သည် ကောဏ္ဍညဘုရားရှင်နှင့် ရဟန္တာတို့အား ဆွမ်းကပ်လှူအပြီး၌ ဘုရားရှင်က "အလောင်းတော် ဝိဇိတာဝီစကြာမင်းအား ဤကမ္ဘာမှ မရေမတွက်နိုင်သော ကမ္ဘာလွန်ပြီးနောက် ဘဒ္ဒကမ္ဘာ၌ ဂေါတမမည်သော ဘုရားဖြစ်လတ္တံ့။ ညောင်ဗုဒ္ဓဟေပင်ရင်း၌ ပွင့်လတ္တံ့"ဟူ၍ ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့သည်။ အလောင်းတော်သည် ဗျာဒိတ်စကားကြားရသောအခါ လွန်စွာဝမ်းမြောက်သဖြင့် ကြီးစွာသော ထီးနန်းစည်းစိမ်တို့ကို ဘုရားရှင်အား လှူဒါန်း၍ ရဟန်းပြုကာ သမာပတ်ရှစ်ပါး၊ အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေလျက် အသက်အဆုံး၌ ဗြဟ္မာပြည်သို့ ရောက်ခဲ့သည်။

**ကောဏ္ဍညဘုရားရှင်၏ တပည့်သာဝကများ**

အဂ္ဂသာဝကအစုံ - အရှင်ဘဒ္ဒမထေရ်နှင့် အရှင်သုဘဒ္ဒမထေရ်
အလုပ်အကျွေးရဟန်း - အရှင်အနုရုဒ္ဓမထေရ်
(အဂ္ဂသာဝိကာ)မြတ်သော တပည့်မအစုံ - အရှင်မတိဿထေရီနှင့် အရှင်မဥပတိဿထေရီ
ဗောဓိပင် - ကြောင်လျှာပင်
အလုပ်အကျွေးဒါယကာ (အဂ္ဂဥပဋ္ဌာက) - သောဏနှင့် ဥပသောဏ
အလုပ်အကျွေးဒါယိကာမ (အဂ္ဂဥပဋ္ဌိကာ) - နန္ဒာနှင့် သိရိမာ
ဘုရားရှင်၏ အရပ်တော် - ရှစ်ဆယ့်ရှစ်တောင်

**(ဓမ္မာဘိသမယ) တရားပွဲကြီးများနှင့်**
**သာဝက(သန္နိပါတ)အစည်းအဝေးများ**

ရှေးဦးတရားပွဲ - ကိုယ်တော်မြတ် တောထွက်စဉ် အတုလိုက် ရဟန်းပြုသည့် ရဟန်းတော် ဆယ်ကုဋေတို့ အမှူးထား၍ နတ်၊ လူ ကုဋေတစ်သိန်းအား ဓမ္မစက္ကပဝတ္တနသုတ်ဟောတော်မူသည့် တရားပွဲ
ဒုတိယတရားပွဲ - မင်္ဂလသုတ္တန် ဒေသနာတရားပွဲ
တတိယတရားပွဲ - ကောဏ္ဍညဘုရားရှင် ရေ၊ မီး အစုံစုံသော တန်ခိုးပြာဋိဟာကိုပြု၍ တိတ္ထိတို့ကို ဆုံးမတော်မူစဉ် ကောင်းကင်၌တည်တော်မူလျက် ဟောတော်မူသော တရားပွဲ

(ထိုတရားပွဲများတွင် နတ်လူဗြဟ္မာကုဋေများစွာ အရဟတ္တမဂ်ရောက်ခဲ့ကြပြီး အပိုင်းအခြားမရှိအောင် များပြားသည့် ပုဂ္ဂိုလ်တို့ အောက်မဂ်၊ အောက်ဖိုလ် မျက်မှောက်ပြုခဲ့ကြသည်။

ပထမသာဝက အစည်းအဝေး-နယုန်လပြည့်နေ့၌ သုဘဒ္ဒမထေရ်အမှူးရှိသော ရဟန္တာလောင်း ကုဋေတစ်သိန်း ခြံရံလျက် ဩဝါဒပါတိမောက် ပြတော်မူသည့် သာဝကအစည်းအဝေး။

ဒုတိယသာဝက အစည်းအဝေး-သားတော် ဝိဇိတသေနမင်းသား ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ် ရောက်သည့်နေ့တွင် ဝိဇိတသေနမထေရ် အမှူးရှိသော ရဟန္တာ ကုဋေတစ်သောင်းတို့ အလယ်၌ သီတင်းသုံးကာ ဩဝါဒပါတိမောက် ပြတော်မူသော အစည်းအဝေး။

တတိယသာဝက အစည်းအဝေး-ဥဒေနမင်း ရဟန်းပြု၍ အရဟတ္တဖိုလ်တည်စဉ် ၎င်းအားအမှူးပြု၍ ရဟန္တာလောင်း ကုဋေကိုးဆယ်တို့ အလယ်၌ ဩဝါဒပါတိမောက် ပြတော်မူသော အစည်းအဝေး။

**ပရိနိဗ္ဗာန်စံတော်မူခြင်းနှင့် စေတီတည်ထား**
**ကိုးကွယ်ခြင်း**

ဘုရားပွင့်တော်မူရာ မဟာပထဝီမြေကြီးသည် ကိလေသာ အညစ်အကြေးကင်းသော ရဟန္တာတို့ဖြင့် လှပ၏၊ ဆန်းကြယ်၏။ မိုးကောင်းကင်သည် နက္ခတ်တာရာတို့ဖြင့် တင့်တယ်သကဲ့သို့ ထိုအတူ မြတ်စွာဘုရားရှင်သည် ကိလေသာကင်းကွာ ရဟန္တာ အခြံအရံတို့ဖြင့် တင့်တယ်တော်မူပါပေ၏။ ကောဏ္ဍညဘုရားရှင်သည်ကား ပရိနိဗ္ဗာန်ပြုခဲ့လေပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် အနှစ်မရှိကုန်။ မတည်မြဲကြဘဲ အချည်းအနှီးတို့သာ ဖြစ်ကြလေကုန်ပြီ။ ကောဏ္ဍညဘုရားရှင် ပရိနိဗ္ဗာန်ပြုခဲ့သော စန္ဒာရာမကျောင်းတိုက်၌ ခုနစ်ယူဇနာအမြင့်ရှိသော စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြသည်။ သက်တော်ရှည်ကြာ ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်း တည်ရှိသော(အသမ္ဘိန္န)ဓာတ်တော်သည် ရွှေဆင်းတုကဲ့သို့ တည်တော်မူခဲ့သည်။ ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သောသူတို့သည်အညီအညွတ်လာ၍ ရတနာခုနစ်ပါးဖြင့် မွမ်းမံခြယ်လှယ်ကာ စေတီတော်ကြီးကို ပြီးဆုံးစေခဲ့ကြကုန်သည်။

**ဂေါတမဘုရားလောင်း**
**သီလပါရမီ ဖြည့်ကျင့်တော်မူခြင်း**

နှစ်ဆယ့်ခုနစ်ပါးသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်ကို အစဉ်လိုက်ဖော်ပြရင်း လက်ရှိသာသနာ့ပိုင်ရှင် ဂေါတမဘုရားသခင်၏ ဗုဒ္ဓဝင်ကို ကြားတွင်ထည့်၍ ပူဇော်ရေးသားခဲ့ရာ မှတ်စု(၅)တွင် အလောင်းတော် ယုန်ပညာရှိဘဝက သိကြားမင်းက ပုဏ္ဏားယောင်ဆောင် အစာအာဟာရ အလှူခံသည်ကို ယုန်ပညာရှိက ကြက်သီးမွေးညင်းထ ကြည်ညိုဖွယ် မီးပုံထဲခုံဆင်းကာ သူ့အသားကိုလှူသည့် ဒါနပရမတ္ထပါရမီကို ရေးသားထားခဲ့ပြီး ဖြစ်ပါသည်။

ယခု သီလပါရမီခန်းကို ဤမှတ်စု(၆)တွင် ဖော်ပြပါမည်။ အမိကို လုပ်ကျွေးသော သီလဝဆင်မင်းဘဝက တစ်တိုင်းပြည်လုံးကိုပင် ကြေမွှန့်ပျက်စီးအောင် အစွမ်းရှိသော်လည်း မင်းကစေခိုင်း၍ လာဖမ်းသော မုဆိုးကို အမျက်မထွက်ဘဲ အသာတကြည် အဖမ်းခံခဲ့ကာ သီလပါရမီကို ဖြည့်ကျင့်ခဲ့သည်။

"တန်ခိုးကြီးသော ဘူရိဒတ္တနဂါးမင်းဘဝက ငါ၏ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုးတို့ကို ပြုဖွယ်ကိစ္စရှိပါက ယူကြပါစေ"ဟု အဓိဋ္ဌာန်ပြုလျက် တောင်ပို့ထက်၌ တက်နေခဲ့ပြီး နေသာဒပုဏ္ဏား၏ လမ်းညွှန်မှုဖြင့် အလမ္ဗာယ်ပုဏ္ဏားသည် ၎င်းကိုဖမ်း၍ ပခြုပ်၌ထည့်သော်လည်း သီလပျက်မည် စိုးရိမ်၍ လုံးဝအမျက်မထွက်ခဲ့။ "၎င်း၏ အသက်ကိုစွန့်၍ မြက်ထက်ပင်ပေါ့ပါး၍ သီလကျိုးပျက်မည်ကို မြေကြီးကိုလှန်ရသကဲ့သို့ ဝန်လေးခဲ့သည်"ဟု ဉာဏ်၌ ထင်မြင်ကာ" သီလပါရမီကို ဖြည့်ကျင့်ခဲ့သည်။

တန်ခိုးကြီးသော စမ္ပေယျ နဂါးမင်းဘဝကလည်း ကုန်းကိုရေဖြစ်အောင်၊ ရေကိုကုန်းဖြစ်အောင်၊ အလမ္ဗာယ်သမားကို ပြာဖြစ်အောင် ပြုစွမ်းနိုင်စေကာမူ အမျက်မထွက်ဘဲ ခန္ဓာကိုယ်ကို အပ်နှင်း အဖမ်းခံ သီလပါရမီကို ဖြည့်ကျင့်ခဲ့သည်။

အားကြီးသော တောကျွဲမင်းဘဝက လျှပ်ပေါ်လော်လည်သည့် မျောက်သည် တစ်နေ့လျှင် သုံး၊ လေးကြိမ်လောက် ထိုကျွဲမင်း၏ ပခုံး၊ နဖူး၊ မျက်နှာတို့၌ ကျင်ကြီး၊ ကျင်ငယ်ကို စွန့်သော်လည်း ကျွဲမင်းသည် အမျက်မထွက်ဘဲ သည်းခံကာ သီလပါရမီကို ဖြည့်ကျင့်ခဲ့သည်။

အလီနသတ္တုမင်းသားဘဝကလည်း သီလကျိုးပျက်မှာကို ကြောက်ခြင်းကြောင့် သားစားဘီလူး စူဠပေါရိသာဒကို အနည်းငယ် ထိတ်လန့်ခြင်းကိုမျှ မပြုမူ၍ နှစ်သက်ဖွယ်စကားတို့ကို ပြောဆိုခဲ့ပြီး ဘီလူးစားဖို့ရန် ကိုယ်ကိုအပ်နှင်းခဲ့သည်။ အလောင်းတော်သည် ဤသို့ပင်လျှင် အသက်ကိုပင် မစောင့်ရှောက်ဘဲ သီလကိုစောင့်ရှောက်ကာ သီလပါရမီကို ဖြည့်ကျင့်ခဲ့သည်။ စူဠပေါရိသာဒသည် မင်းသားကို မစားမူ၍ အကျွတ်တရားပင် ရခဲ့သည်။

သင်္ခပါလနဂါးမင်းဘဝကလည်း ၎င်း၏ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုးတို့ကို ယူကြပါစေဟု အဓိဋ္ဌာန်လျက် လမ်းဆုံလမ်းခွ၌ ဥပုသ်စောင့်သုံးနေခဲ့သည်။ သနားခြင်းကင်းမဲ့သော မုဆိုးတို့သည် နဂါးမင်းကို ညှဉ်းဆဲလျက် ဆောင်ယူသွားခဲ့ကြသည်။ နဂါးမင်းသည် အမျက်ထွက်၍ တုံ့ပြန်လိုက သမုဒ္ဒရာ၊ တော၊ တောင်နှင့်တကွ မြေကြီးကို နှာခေါင်းလေဖြင့် လောင်ကျွမ်းစေနိုင်၏။ သို့သော်လည်း တုံ့ပြန်ခြင်းမပြု အမျက်မထွက်ဘဲ သီလပါရမီကို ဖြည့်ကျင့်ခဲ့လေသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

**ကျမ်းကိုး** - နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်
(ဓမ္မဗိမာန်ကျမ်းစာအမှတ်-၄)

ရွှေချမ်း-မန်း



## စာပတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**စစ်ကိုင်း ဧပြီ ၇**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့၊ နန်းဦးကျောင်းတိုက်တွင် ဖွင့်လှစ်ထားသော နွေရာသီ အခြေခံသင်တန်းဆင်းပွဲတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်များ၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် အလုပ်ချိန် ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ စသည့် သိကောင်းစရာများကို ဟောပြောခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ကျောင်းသား၊ ကျောင်းသူ လူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာ၊ ဗဟုသုတများ ပြည့်စုံစေရန်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြရေး၊ ငယ်စဉ်ကပင် စာဖတ်သည့် အလေ့အကျင့်ကောင်းများကို ပျိုးထောင်ကြရေး၊ အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ်လူငယ်လေးများ ဖြစ်လာစေရေး စသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နေလင်းအောင်(ပြန်/ဆက်)**

## "ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်" အသိပညာပေး ဟောပြောခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်

**ပုဗ္ဗသီရိ ဧပြီ ၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အများပြည်သူများ အပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများအား လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၆ ရက် နံနက်ပိုင်းက ကျည်တောင်ကန် ကျေးလက်ကျန်းမာရေးဌာန အပါအဝင် ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများမှ ဝန်ထမ်းများက "ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်" ခေါင်းစဉ်ဖြင့် ပြည်သူများ အပူဒဏ်မှ ကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြောခဲ့ပြီး အပူဒဏ်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ပုဗ္ဗသီရိမြို့နယ်အနေဖြင့် မြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတွင်လည်း အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများဖြင့် လူနာများ ရောက်ရှိလာပါက ကုသမှုပေးနိုင်ရန် ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားခြင်း၊ လူနာလက်ခံကုသမည့် နေရာများ ကြိုတင်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ကို(ပြန်/ဆက်)**





## မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး ရေကစားမဏ္ဍပ်များ ဆောက်လုပ်

**ကျောက်ဆည် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာဖြင့် ပျော်ရွှင်စွာ သင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ရေကစားမဏ္ဍပ်များ ဆောက်လုပ်လျက်ရှိသည်။

ရေကစားမဏ္ဍပ်များကို ကျောက်ဆည်မြို့၊ ကံဦးရပ်ကွက် ဒေါ်သိုက်ကြီးကွေ့ ရန်ကုန်-မန္တလေးကားလမ်း၊ မင်းရဲစိုက်ပျိုးရေပေးမြောင်းအနီးတွင် ဆောက်လုပ်လျက်ရှိကြောင်းနှင့် သင်္ကြန်ပွဲတော်၌ ရေကစားပြည်သူများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဖျော်ဖြေရေးအဖွဲ့ ခြောက်ဖွဲ့မှလည်း ဖွင့်ပွဲ၊ ပိတ်ပွဲများနှင့် သင်္ကြန်ရက်များတွင် အလှည့်ကျ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။(အပေါ်ပုံ) (၄၈၅)

## အင်းလေးရေပေါ်သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ညောင်ရွှေ ဧပြီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အင်းလေးရေလယ်ဧည့်ခန်းမ၌ ဧပြီ ၁၃ ရက် မဟာသင်္ကြန်အကြိုနေ့မှ ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့အထိ အင်းလေးရေပေါ်မဟာသင်္ကြန်ပွဲတော်ကို လေးရက်တိုင်တိုင် ရိုးရာအစဉ်အလာများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အင်းလေးရေပေါ်သင်္ကြန်ပွဲတော်တွင် ဂီတပညာရှင်များနှင့် အင်းလေးဒေသအတွင်းရှိ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ယိမ်းအကအဖွဲ့များ၏ အကအလှများ ပါဝင်မည်ဖြစ်ပြီး ရေလယ် ဧည့်ခန်းမရှေ့မျက်နှာစာတွင် ပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် ရေဖျန်းပက်ပိုက်ငယ်များ ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ် အပန်းဖြေနိုင်ရန်၊ ခရီးသွားလုပ်ငန်းကို တိုးမြှင့်နိုင်ရန်နှင့် တစ်မူထူးခြားသည့် အင်းသား တိုင်းရင်းသားတို့၏ ဓလေ့စရိုက်များကို ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်၍ အင်းလေးရေပေါ်သင်္ကြန်ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(၃၆၈)

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**မင်းဘူး ဧပြီ ၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မင်းဘူးမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့မဈေးအတွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချရေး အသိပညာပေး ပြောကြားခဲ့ပြီး ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးအတွက် အင်ဖက်၊ ငှက်ပျောဖက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို အပတ်စဉ် တနင်္လာနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အောက်ပုံ) (၅၀၄)



## မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကျင်းပသွားမည်

**ပွင့်ဖြူ ဧပြီ ၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲသွားမည်ဖြစ်ပြီး ဧပြီ ၅ ရက် နံနက်ပိုင်းတွင် ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ စတင်ဆောက်လုပ်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့တွင်း လေးတိုင်စင်လမ်းဆုံ မီးပွိုင့်အနီးတွင် ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ စတင်ဆောက်လုပ်နေပြီဖြစ်ပြီး ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရန် လမ်းလျှောက်သင်္ကြန် အစီအစဉ်အား ကျင်းပသွားမည်ဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်ကာလအတွင်း ရေကစားကြသူများ ပျော်ရွှင်နိုင်ရန် ဖျော်ဖြေရေး ယိမ်းအဖွဲ့ ငါးဖွဲ့မှ လှပျိုဖြူများက နေ့အလိုက် ကပြဖျော်ဖြေသွားမည်ဖြစ်ပြီး လက်ရှိတွင် ယိမ်းအကများ လေ့ကျင့်လျက်ရှိသည်။

ထို့အပြင် ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်သို့ လာရောက်ရေကစားကြသူများကို ဌာနဆိုင်ရာများမှ နေ့အလိုက် ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်၊ သာကူ၊ ဖျော်ရည် အစရှိသည့် စားသောက်ဖွယ်ရာများဖြင့် စတုဒိသာ ဧည့်ခံကျွေးမွေးလှူဒါန်းခြင်း၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နှစ်သစ်ကူး ဓမ္မဒါနကုသိုလ်အဖြစ် မုန်းချောင်းသဘာဝရေပြင်အတွင်း ငါးလွှတ်ခြင်း၊ မြို့ပေါ်ရပ်ကွက် (၄)ရပ်ကွက်ရှိ သက်ကြီးဘိုးဘွား ၄၁ ဦးအား သက်ကြီးပူဇော်ခြင်း၊ မြို့နယ်အတွင်း တန်ခိုးကြီးဘုရားများရှိ ရုပ်ပွားတော်များနှင့် စေတီပုထိုးများတွင် ရေသပ္ပာယ်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း အစီအစဉ်များဖြင့် အတာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (၄၄၅)



## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၈၃ လမ်းနှင့် ၂၈ လမ်းထောင့်နေ ဦးညီညီအောင်(ဘ)ဦးအစ္စမိုင်(၁၃/ကမန(နိုင်)၀၀၀၈၉၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

HIGH QUALITY RICE TRADING
ASM
Special
အိမ်ရှင်မ
အဆင့်မြင့်
သန့်စင်ပြီးဆန်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညီညီအောင်သည် ပူးတွဲဖော်ပြပါ "အိမ်ရှင်မ" ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်း မူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၂၁၂/၁၉၉၆)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး "အိမ်ရှင်မ" အမည်ဖြင့် ဆန်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက်အားပေး သုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ "အိမ်ရှင်မ" အမှတ်တံဆိပ်ဖြင့် ဆန်ရောင်းဝယ်ရေး လုပ်ငန်းသည် ဦးညီညီအောင်၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည် အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ဦးညီညီအောင်၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| **ဦးရဲဝင်း (LL.B)** | **ဦးပြည့်ကိုကို (LL.B)** | **ဒေါ်မြင့်မြင့်အေး (LL.M)** | **ဒေါ်ချောစု (LL.B)** | **ဦးဝင်းမောင် (LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၈/၁၃၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတင်မြင့်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသော မြေကွက်၏ အနောက်ဘက်ခြမ်း(၃၀ပေ×၄၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးသိန်းထွန်း(ဘ)ဦးတင်မောင်(၅/ကဘလ(နိုင်)၀၇၅၆၃၆)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရံအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**
**ဒေါ်မြတ်စုမွန်(ခ)မဖြူ(LL.B,D.B.L)**
**(တရားလွှတ်တော်ရှေ့နေ)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၉၈၃၅၇၊ ၀၉-၂၅၉၀၉၀၄၃၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၈/၇၃၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဗိုလ်ကြီးမြတ်ထွန်း အမည်ပေါက်ဂရန်မြေကွက်၏ အလယ်အစိပ်အပိုင်း၊ (၂၀ပေ×၄၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဟန်လင်း(ဘ)ဦးမော်ရိုးပီ(၉/အမဇ(ပြု)၀၀၀၁၁၅)နှင့် ဒေါ်ကြည်ကြည်သင်း(ဘ) ဦးစိုင်းအိုက်ပေါင်း(၉/ခအဇ(နိုင်)၀၃၉၈၉၂)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရံအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**
**ဒေါ်မြတ်စုမွန်(ခ)မဖြူ(LL.B,D.B.L)**
**(တရားလွှတ်တော်ရှေ့နေ)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၉၈၃၅၇၊ ၀၉-၂၅၉၀၉၀၄၃၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်တော်အဖဦးဝင်းဌေး(ဘ)ဦးလှချို(၉/မခန(နိုင်)၀၉၈၂၉၇)၊ ကျွန်မအမိ ဒေါ်မာမာအေး(ဘ)ဦးမြင့်စန်း(၉/မခန(နိုင်)၁၆၅၇၃၉)ကုလားကြီးခြံရွာ၊ ပုသိမ်ကြီးမြို့နယ်နေထိုင်သူတို့မှ သားဖြစ်သူ မောင်နိုင်ဝင်းထွန်း(ခ)မောင်နောင်ဝင်းထွန်း(ဘ)ဦးဝင်းဌေး(၉/ပသက(နိုင်)၁၄၁၇၉၆)သည် မိဘများ၏ စကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ် ညှိုငြင်အောင်ပြုလုပ်ခဲ့ပါသဖြင့် ယခုကြေညာပါသည့်နေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပါကြောင်း မောင်နိုင်ဝင်းထွန်း(ခ)မောင်နောင်ဝင်းထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ယခုကြေညာပါသည့်နေ့မှစ၍ မောင်နိုင်ဝင်းထွန်း(ခ)မောင်နောင်ဝင်းထွန်းနှင့် ပတ်သက်သည့် ငွေရေးကြေးရေးလူမှုရေးအရှုပ်အရှင်းအားလုံးကို ဖြေရှင်းပေးတော့မည်မဟုတ်ကြောင်း အကယ်၍ ငွေရေးကြေးရေး လူမှုရေးအရှုပ်အရှင်းများ ပေါ်ပေါက်လာပါက မောင်နိုင်ဝင်းထွန်း(ခ)မောင်နောင်ဝင်းထွန်းနှင့်သာ ရင်ဆိုင်ဖြေရှင်းရတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝင်းဌေး(ဘ)ဦးလှချို** | **ဒေါ်မာမာအေး(ဘ)ဦးမြင့်စန်း** |
| **(၉/မခန(နိုင်)၀၉၈၂၉၇)** | **(၉/မခန(နိုင်)၁၆၅၇၃၉)** |
| **ကုလားကြီးခြံရွာ၊ ပုသိမ်ကြီးမြို့နယ်** | **ကုလားကြီးခြံရွာ၊ ပုသိမ်ကြီးမြို့နယ်** |

## နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မာလကာခြံရပ်နေ ဒေါ်နိုင်မြတ်နိုးလွင်(ဘ)ဦးအေးလွင်(၁/မကတ(နိုင်)၁၃၂၇၂၈)၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်နိုင်မြတ်နိုးလွင်(ဘ)ဦးအေးလွင်(၁/မကတ(နိုင်)၁၃၂၇၂၈)နှင့် ဦးမင်းခန့်ဇော်(ဘ)ဦးအောင်အောင်(၉/ပကခ(နိုင်)၀၃၈၂၄၉)တို့သည် (၃၀-၃-၂၀၂၆)ရက်နေ့တွင် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို ချုပ်ဆို၍ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နိုင်မြတ်နိုးလွင်နှင့် ဦးမင်းခန့်ဇော်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နိုင်မြတ်နိုးလွင်၏ လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်မေသူဝင်း(LL.B,LL.M,DBL)** | **ဒေါ်မြတ်နှင်းနိုင်(LL.B)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**ရုံး-အမှတ်(၆/၄)၊ အကွက်(၈၉၉)၊ ၃၂ လမ်း၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၁၀၀၀၁၇၄၊ ၀၉-၃၃၅၃၃၅၇၀**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်၊ အကွက်အမှတ်(တ-၅/၉၀)နေ (ဦးကျော်သူလွင်)+ဒေါ်ခင်မျိုးဟန်(၅/ဟမလ(နိုင်)၀၀၀၀၅၂)တို့၏ သားဖြစ်သူ ကိုလွင်ထူးပိုင်(၉/ခမစ(နိုင်)၀၅၉၁၇၇)သည် ဖခင်ကွယ်လွန်ပြီးနောက် မိခင်ဖြစ်သူ၏ ဆိုဆုံးမစကားများကို နားမထောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများအား ကူညီဆောင်ရွက်ပေးမှုမရှိဘဲ လုပ်ငန်းမှ ငွေကြေးများ ထင်သလို ရယူသုံးစွဲနေခြင်းကြောင့် မိခင်ဖြစ်သူသည် စိတ်ဆင်းရဲပြီး ကျန်းမာရေးထိခိုက်လျက်ရှိနေသည့်အပေါ် ကိုလွင်ထူးပိုင်မှ ဆက်လက်ပြီး အကြိမ်ကြိမ်ဆောင်ရွက်လျက်ရှိနေပါသောကြောင့် ၎င်းအား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေး ကိစ္စအပါအဝင်မည်သည့်ကိစ္စအဝဝတို့နှင့် ပတ်သက်၍ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**
**ဒေါ်ခင်မျိုးဟန်(၅/ဟမလ(နိုင်)၀၀၀၀၅၂)**
**၁၀၄ လမ်း၊ ၆၃ လမ်းနှင့် ၆၄ လမ်းကြား၊**
**မြို့သစ်(၁)ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**(မိခင်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉ လမ်း၊ ၈၈ လမ်းနှင့် ၈၉ လမ်းကြားနေ ဦးကျော်မြင့်နိုင်(၉/ခအဇ(နိုင်)၀၀၀၈၆၅)+ ဒေါ်တင်မျိုးစု(၉/မနတ(နိုင်)၀၀၄၈၈၁)တို့၏ သားမောင်အောင်ဘုန်းညီ(၉/ခအဇ(နိုင်)၀၆၁၇၁၂)သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မြင့်နိုင်+ဒေါ်တင်မျိုးစု**

## ဒေါ်ညွန့်ညွန့်လွင် အသက်(၈၈)နှစ်

မန္တလေးမြို့၊ ကဋ္ဌနမဟီရပ်ကွက်နေ(ဦးဘသိန်း+ဒေါ်တဲတဲ)တို့၏သမီး၊ မန္တလေးမြို့၊ မဟာနွယ်စဉ် မင်းဝင်းရပ်နေ(ဦးဖုန်+ဒေါ်သောင်းစိန်)တို့၏ သမီးချွေးမ၊ ဦးဝင်းထွန်းဦး+ဒေါ်အေးအေးမြင့်၊ (ဦးဝင်းမြိုင်)+ဒေါ်ဥမ္မာလွင်၊ ဦးမျိုးနိုင်+ဒေါ်ဝင်းယုလွင်၊ ဦးမိုးရဲဦး+ဒေါ်ဝင်းမာလွင်၊ ဦးမင်းသန့်ဇင်+ဒေါ်မိုးမိုးလတ်၊ (ဦးသိန်းဇော်)+ဒေါ်လွင်ပြည့်ပြည့်ဖြိုး၊ Capt. ကျော်ကျော်ထွန်း+ဒေါ်ခင်မြတ်မွန်ဦးတို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မြေး(၁၂)ယောက်တို့၏ ချစ်လှစွာသော အဘွား၊ မန္တလေးမြို့၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗောဓိကုန်းအလယ်ရပ်၊ အကွက်(၆၉၃)နေ (ဦးချန့်ထွန်း)၏ ချစ်လှစွာသော ဇနီး

## ဒေါ်ညွန့်ညွန့်လွင် အသက်(၈၈)နှစ်

သည်(၇-၄-၂၀၂၆)ရက်၊ အင်္ဂါနေ့ နံနက် ၁ နာရီ ၃၆ မိနစ်တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို(၈-၄-၂၀၂၆)ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လည် ၁၁ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေး၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို သမ္မတကြီးအဖြစ် ရွေးချယ်ခံရသည့်အတွက် အသင်းကြီးအနေဖြင့် အထူးပင် ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုပါကြောင်း။

**တိုင်းအလုပ်အမှုဆောင်အဖွဲ့**

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)(တိုင်း)**

**မန္တလေးတိုင်းဒေသကြီး**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေး၌ ဒုတိယသမ္မတ(၁)အဖြစ် ဦးညိုစော၊ ဒုတိယသမ္မတ(၂)အဖြစ် ဒေါ်နန်းနီနီအေးတို့အား ရွေးချယ်ခံရသည့်အတွက် မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA အသင်းကြီးအနေဖြင့် အထူးပင် ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုပါကြောင်း။

**တိုင်းအလုပ်အမှုဆောင်အဖွဲ့**

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)**

**မန္တလေးတိုင်းဒေသကြီး**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၄၅)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ထွန်း အမည်ဖြင့်မြေနေရာချထားရရှိသည့် မြေကွက်အတွင်း တောင်အစွန်ဆုံးခြမ်း(၁၀ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ကျော်ဝင်း(ဘ)ဦးရှုန်(၉/ပကခ(နိုင်)၀၀၂၈၁၁)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဖြူသီမြင့် (LL.B, DBL)**

**တရားလွှတ်တော်ရှေ့နေ**

**ညည-၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ (ဘ)ဦးမြသန်း၏သမီး ဒေါ်တင်တင်ဝင်း (၉/မနမ(နိုင်)၀၃၁၆၈၇)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅/N-3)၊ ဦးပိုင်အမှတ်(၉၇)၊ မြေဧရိယာ(၁၀ပေ×ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ (ဘ)ဦးမောင်မောင်ကျော်၏သမီး ဒေါ်ဝင့်ပန်းသူ(၉/ခအဇ(နိုင်)၀၁၅၃၃၉)ထံမှ ဒေါ်တင်တင်ဝင်းက လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ပါသည်။

အထက်ပါ ပစ္စည်းရပ်များနှင့်ပတ်သက်၍ ဒေါ်တင်တင်ဝင်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းလွှဲပြောင်းခြင်း တစ်စုံတစ်ရာမပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သူစာရွှေ(LL.B,D.B.L)** | **ဒေါ်အိမ့်ရတီမိုး(LL.B)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**၂၇လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**Email-tzshwe41@gmail.com ၊ ဖုန်း ၀၉-၄၀၂၆၆၃၃၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၃)ရပ်ကွက်အတွင်းရှိ ကွင်းအမှတ်(၅၅၉/က-အုန်းချောအရှေ့)၊ ဦးပိုင်/မြေကွက်အမှတ်(ဃ/၁၁၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်းမောင် အမည်ပေါက် ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တောဂရန်အမှတ်အမှတ်(၂၁၉/၉၅-၉၆) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ဝင်းလှိုင်(ဘ)ဦးပေါက်စ(၉/ပသက(နိုင်)၀၇၄၆၅၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းအောင်(ဘ)ဦးသာအောင်(၉/ခမစ(နိုင်)၀၀၂၂၉၄) အမှတ်(၁၅)၊ နားငွေင်းကျေးရွာနေထိုင်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အပါအဝင် မြေနှင့်ပတ်သက်သည့် လိုအပ်သော လျှောက်ထားမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးရဲထက်အောင် (LL.B,D.I.L)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၆)ရပ်ကွက်၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၉၇၉၅၀၆၅၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၆)၊ ဦးပိုင်နံပါတ်(၅၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (ပေ၆၀×၄၅ပေ)အကျယ်အဝန်းရှိ ဦးငွေလှိုင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်မျိုးအောင် (ဘ)ဦးမျိုးတင့်(၈/ပခက(နိုင်)၁၆၆၃၈၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဦးဖြိုးသာစန့် (LL.B)** | **ဦးစည်သူအောင် (LL.B)** | **ဒေါ်သဲမို့မို့ထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်နံပါတ်(၇၇-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၀၃)ဧက အကျယ်အဝန်းရှိ ဦးဟိန်းထက်ကျော်ဦး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်သန်း (ဘ)ဦးနီ(၉/မနမ(နိုင်)၀၁၆၉၈၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၉)၊ ဦးပိုင်နံပါတ်(၂၁-ဠ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၃၀၈၉)ဧက အကျယ်အဝန်းရှိ ဒေါ်တင်စန်းနွယ်၊ ဒေါ်အေးအေးဆွေ၊ ဦးမျိုးဆွေ(ခ)ဦးတင်မျိုးဆွေ၊ ဒေါ်သီသီဆွေနှင့် ဒေါ်ချိုချိုဆွေတို့ ပူးတွဲအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးစိုင်းသန်းညွန့် (ဘ)ဦးကျော်နိုင်(၉/ခအဇ(နိုင်)၀၅၆၉၃၀)နှင့် ဦးခိုင်အောင်(ဘ)ဦးယိကျှိန်(၉/ခအဇ(နိုင်)၀၀၆၂၁၀)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဦးဖြိုးသာစန့် (LL.B)** | **ဒေါ်ကောင်းစုဝမ်း (LL.B)** | **ဒေါ်မေစင်ဖြိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ နိုင်ငံတော်ရွှေသီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ
ပတ်ဝန်းကျင် ထိန်းကြစို့။

# မြန်မာ့မီးရထားအနေဖြင့် မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည်

နေပြည်တော် ဧပြီ ၇

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် မဟာသင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ပုံမှန်ပြေးဆွဲလျက်ရှိသည့် ရထားများအပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို အထူးရထားများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်းတွင် အဆန်အထူး DEMU (စပိန်) ရထားသည် ရန်ကုန်မှ မနက် ၆ နာရီခွဲတွင် စတင်ထွက်ခွာပြီး နေပြည်တော်သို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ အစုန်အထူး DEMU(စပိန်) ရထားသည် နေပြည်တော်မှ မွန်းလွဲ ၁၂ နာရီခွဲတွင် စတင်ထွက်ခွာပြီး ရန်ကုန်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါအဆန်အထူး DEMU (စပိန်)ရထားနှင့် အစုန်အထူး DEMU(စပိန်)ရထားတို့ ပြေးဆွဲမည့်နေ့ရက်များမှာ ဧပြီ (၁၀၊ ၁၁၊ ၁၂၊ ၁၉၊၂၀) ရက်များ ဖြစ်သည်။

စာမျက်နှာ ၇ သို့ ✪

# ၂၀၂၆ ခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် ဖျော်ဖြေမည့် အစီအစဉ်များ ဝတ်စုံပြည့်အစမ်းလေ့ကျင့်

မန္တလေး ဧပြီ ၇

၂၀၂၆ ခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် ဖျော်ဖြေမည့် အစီအစဉ်များကို ယနေ့ မွန်းလွဲပိုင်းက မြို့တော်ခန်းမတွင် ဝတ်စုံပြည့်အစမ်းလေ့ကျင့်ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

မန္တလေးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲနှင့် မဏ္ဍပ်တွင် ဖျော်ဖြေမည့်အစီအစဉ်များကို

စာမျက်နှာ ၃ သို့ ✡



## မန္တလေးနေ့စဉ်သတင်းစာ ထုတ်ဝေမှု (၈)ရက် ခေတ္တရပ်နားမည်

မန္တလေး ဧပြီ ၇

မန္တလေးနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ်၊ ဧပြီ ၁၂ ရက် (တနင်္ဂနွေနေ့)မှ ဧပြီ ၁၉ ရက် (တနင်္ဂနွေနေ့)အထိ (၈) ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက် (တနင်္လာနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

# တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသား ၁၂၆ ဦးအား လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ခန့်တွင် တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မိတာ ၁၃၀၀၀ ခန့်အကွာ၊ ပန်ကူကျေးရွာ၏ အနောက်တောင်ဘက် မိတာ ၃၀၀၀ ခန့်အကွာ နေရာသို့အရောက်၌ သွပ်မိုး၊ သွပ်ကာ၊ သုံးထပ်သားပြားခင်း အဆောက်များဖြစ်သည့် အလျားပေ ၁၂၀၊

စာမျက်နှာ ၇ သို့ ❒



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများကို တွေ့ရစဉ်။